International
Labour
Organization

# အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် ဖြစ်စေရန် လက်တွေ့ဆောင်ရွက်ပေးခြင်း

## ကျွမ်းကျင်မှုသင်တန်းများ၊ အသိအမြင်မြှင့်တင်ပေးခြင်း၊ ရပ်ရွာလူထုစည်းရုံးလှုံ့ဆော်မှု များမှတစ်ဆင့် အိမ်အကူအလုပ်သမားများအား စုပေါင်းသင်းဖွဲ့ပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

## အဓိက အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် လေ့လာတွေ့ ရှိချက်များ

Funded by

# မာတိကာ


*၁။ မိတ်ဆက်......................................................................................................... 4*

*၂။ နည်းလမ်း......................................................................................................... 5*

*၃။ ကနဦးသတ်ချက်များ......................................................................................................... 6*

*၄။ မိတ်ဖက် အဖွဲ့အစည်းများ......................................................................................................... 7*

*၅။ အိမ်အကူအလုပ်သမားများ ကိုယ်တိုင်ပြောသော - တိုးတက်ပြောင်းလဲ သွားသည့် ၎င်းတို့၏ဘဝဇာတ်ကြောင်းများ......................................................................................................... 8*

*၆။ အဓိက ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများ.........................................................16*

၆.၁။ အိမ်အကူအလုပ်သမားများအတွက် ကျွမ်းကျင်မှုသင်တန်းများ .........................................16

၆.၂။ အိမ်အကူအလုပ်သမားများနှင့် ၎င်းတို့၏ ရပ်ရွာလူထုအတွက် အသိအမြင်မြှင့်တင်ပေး ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ကွန်ရက်ချိတ်ဆက်ပေးခြင်း ဆောင်ရွက်ချက်များ၊....................22

၆.၃။ ပေါင်းစပ်ဆောင်ရွက်သည့် လုပ်ငန်းများ၏ အဓိကအောင်မြင်မှုများ၊ ....................................29

*၇။ စိန်ခေါ်မှုများ.........................................................................................................29*

*၈။ လေ့လာတွေ့ ရှိချက်များ.........................................................................................................31*

*နောက်ဆက်တွဲ.........................................................................................................36*

# ၁။ မိတ်ဆက်

မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်အကိုင်သည် အမျိုးသမီးများနှင့် ရပ်ရွာလူထုအတွက် အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုတွင် အရေးပါသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ ၎င်းကို အမျိုးသမီးအများစုက လုပ်ကိုင်လေ့ရှိပြီး၊ တစ်ခါတရံ ကလေးသူငယ် များလည်းလုပ်ကိုင်ကြသည်။ အများစုသည် ပြည်တွင်းရွှေ့ပြောင်းသွားလာကြသူများဖြစ်ပြီး၊ ဆင်းရဲနွမ်းပါးသောကျေးလက် ဒေသများမှ လာရောက်လုပ်ကိုင်ကြသူများဖြစ်သည်။ လုပ်သားဈေးကွက်အတွင်း မြန်မာအမျိုးသမီးများပိုမိုဝင်ရောက်လာမှုနှင့်၊ လက်ရှိ နိုင်ငံအတွင်း လူမှုရေး၊ စီးပွားရေးနှင့်၊ လူဦးရေဆိုင်ရာ အပြောင်းအလဲများရှိလာခြင်းကြောင့်၊ အိမ်အကူအလုပ်သမားများသည်လည်း မြန်မာနိုင်ငံအနှံ့ရှိ အိမ်ထောင်စုသန်းပေါင်းများစွာအတွက် လိုအပ်သော ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လာကြသည်။ ၎င်းတို့၏ အလုပ်သည် အထူးသဖြင့် ကလေးသူငယ် (သို့မဟုတ်) သက်ကြီးရွယ်အို မှီခိုသူများရှိသော မိသားစုအတွက် အရေးကြီးလာပါသည်။ မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ပြည်ပနိုင်ငံများသို့လည်း အိမ်အကူအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ အထူးသဖြင့် စင်္ကာပူနှင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြပြီး၊ လွှဲပို့ငွေများ အိမ်သို့ ပြန်လည်ပေးပို့ခြင်းဖြင့် မိသားစုအတွင်းရှိ ငယ်ရွယ်သူများအား ကျောင်းထားပေးနိုင်သည့်အပြင် မိသားစုကိုလည်း အထောက်အပံ့ပြုကြပါသည်။

ဤကဲ့သို့ အရေးပါသည့်အလုပ်ဖြစ်သော်လည်း အိမ်အကူအလုပ်အကိုင်ကို ကျွမ်းကျင်မှုမရှိသော အလုပ်အဖြစ် အများက မြင်ကြပြီး၊ နှိမ်ချဆက်ဆံမှုနှင့်အတူ အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြု တန်ဖိုးထားခြင်းလည်း မရှိပါ။ ဤအထင်အမြင်သည် မြန်မာနိုင်ငံအတွက် တစ်မူထူးခြားသည့်အရာ မဟုတ်သလို၊ နိုင်ငံအများစုတွင်လည်း တွေ့ရလေ့ရှိပြီး၊ အိမ်ထောင်စုအတွင်း အမျိုးသမီးများ၏ အလုပ်ဖြစ်သည်ဟူ၍ အစဉ်အလာအားဖြင့် အမြစ်တွယ်နေပြီး၊ အခကြေးငွေနှင့် အသိအမှတ်ပြုခြင်းကို မရရှိသည့်အပြင် နိုင်ငံ့စီးပွားရေး၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး (GDP) အတွင်းတွင်လည်း ထည့်သွင်းဖော်ပြခြင်းနှင့် အသိအမှတ်ပြုထားခြင်း မရှိပါ။

ဤအကြောင်းများကြောင့် အိမ်အကူအလုပ်သမားများအနေဖြင့် အမျိုးသားအလုပ်သမားဥပဒေနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအကျုံးဝင်မှုအတိုင်းအတာအတွင်းမှ လွတ်ကင်းသွားပြီး ဖယ်ကြဉ်ခံကြရသည်။ အကျိုးဆက်အားဖြင့် ၎င်းတို့၏ အလုပ်အကိုင်အခြေအနေများသည်လည်း စည်းမျဉ်းစည်းကမ်းထိန်းချုပ်မှုအောက် မရှိတော့ဘဲ၊ အိမ်အကူအလုပ်သမားများသည် လုပ်ငန်းခွင်တွင် လုပ်အားခေါင်းပုံဖြတ်ခံရခြင်းနှင့် အကြမ်းဖက်ခြင်းများကို ကြုံတွေ့ရတော့သည်။ အထူးသဖြင့် အိမ်တွင် အတူနေထိုင် လုပ်ကိုင်ရသော အိမ်အကူအလုပ်သမားများသည် ထိခိုက်လွယ်သူများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနှင့် နေရာထိုင်ခင်းသည် အလုပ်ရှင်ပေါ်တွင် မှီခိုနေရခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့အစည်း (LIFT) ၏ ရန်ပုံငွေပံ့ပိုးပေးမှုဖြင့် ILO သည် ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး စီမံကိန်း (DIILM စီမံကိန်း၊ ၂၀၁၆ ဖေဖော်ဝါရီလမှ - ၂၀၂၁ ဇွန်လအထိ) ဖြင့် အိမ်အကူအလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်ရေးနှင့် အလုပ်အကိုင်အခြေအနေများ တိုးတက်ကောင်းမွန်စေရန် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြန်မာအိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် ဖြစ်ပေါ်ရေး လက်တွေ့ဆောင်ရွက်ရန် ကတိကဝတ်ပြုပြီး ဖြစ်သည်။ စီမံကိန်းကာလတစ်လျှောက်၊ DIILM စီမံကိန်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့အစည်းများ အပါအဝင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်ပေါင်း ၂၃၀ ဦး (အမျိုးသမီး ၁၅၉ ဦးနှင့် အမျိုးသား ၇၁ ဦး) အတွက် သင်တန်းများ ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် စီမံကိန်းသည် အိမ်အကူအလုပ်သမားဆိုင်ရာ

ပြဋ္ဌာန်းချက် ၂၀၁၁ ခုနှစ် (အမှတ် ၁၈၉)၊ အကြံပြုတိုက်တွန်းချက် (အမှတ် ၂၀၁) အပြင်၊ အခြားနိုင်ငံများရှိ အိမ်အကူအလုပ်သမားဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ လွှတ်တော်အမတ်များနှင့် မိတ်ဆက်ဆွေးနွေးပွဲနှင့် ဆွေးနွေးညှိနှိုင်းပွဲအချို့ကို ပြုလုပ်ခဲ့ပါသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ အမျိုးသားလွှတ်တော်ကော်မတီသည် အမျိုးသမီးနှင့်ငြိမ်းချမ်းရေးလွှတ်တော်အမတ်များအဖွဲ့ နှင့်အတူ အိမ်အကူအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေမူကြမ်းတစ်စောင်ကို ရေးဆွဲခဲ့ပါသည်။ DIILM မိတ်ဖက်အဖွဲ့အစည်းများသည် အိမ်အကူအလုပ်သမားများနှင့်အတူတကွ လုပ်ကိုင်ခဲ့သည့် တိုက်ရိုက်အတွေ့အကြုံများကို လွှတ်တော်အမတ်များအား ဆွေးနွေးတင်ပြခဲ့ပြီး၊ အိမ်အကူအလုပ်အကိုင် ဥပဒေမူကြမ်းအတွက် အကြံပြုချက်များကိုလည်း ပေးခဲ့ပါသည်။ ဥပဒေမူကြမ်းကို ၂၀၂၀ ခုနှစ်တွင် ရေးဆွဲနိုင်ခဲ့သည်။ အိမ်အကူအလုပ်အကိုင်၏ တန်ဖိုးကို မြှင့်တင်ပေးခြင်းနှင့် ကျွမ်းကျင်သည့်အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြုရေးဆောင်ရွက်မှုနှင့်ပတ်သက်၍၊ အိမ်အကူအလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အရေးပါပုံကို အသိအမှတ်ပြုခြင်းနှင့်အတူ၊ DIILM စီမံကိန်းသည် အိမ်အကူအလုပ်သမားများအတွက် တစ်ဦးချင်းနှင့် အွန်လိုင်းကျွမ်းကျင်မှုသင်တန်းများ ပြုလုပ်ပေးနေသော ပြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် Three Good Spoons ကို ပံ့ပိုးပေးခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်သမားများအတွက် စုစည်းသင်းဖွဲ့ထားသည့် ကိုယ်စားပြုမှု မရှိခြင်းကြောင့်၊ အိမ်အကူအလုပ်သမားများအား စုစည်းသင်းဖွဲ့ရန်နှင့် ၎င်းတို့၏ အသံကိုဖော်ထုတ်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ အိမ်အကူအလုပ်သမားများ၏ စိုးရိမ်ပူပန်ဖွယ်အချက်များကို သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများအတွင်း တင်သွင်းဆွေးနွေးခြင်းသည် အမျိုးသားအလုပ်သမားဥပဒေနှင့် အိမ်အကူအလုပ်အကိုင်ဥပဒေရေးဆွဲရေးတွင် အဓိကကျသည့်အချက် ဖြစ်သည်။ ထို့ကြောင့် စီမံကိန်းသည် အိမ်အကူအလုပ်သမားများအား ကမ်းလင့်ကူညီဆောင်ရွက်ရန်၊ သတင်းအချက်အလက်ပေးရန်၊ သင်တန်းနှင့် ဝန်ဆောင်မှုပေးရန်၊ ခေါင်းဆောင်မှုတိုးတက်စေရန်နှင့်၊ အိမ်အကူအလုပ်သမားအဖွဲ့နှင့် ကွန်ရက်များ ဖွဲ့စည်းခြင်းကို ပံ့ပိုးပေးနိုင်ရန် မိတ်ဖက်အဖွဲ့အစည်း ၃ ခု ဖြစ်သည့် ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)၊ Girl Determined အဖွဲ့နှင့် နေဝန်းနီ ကျေးလက်ဒေသလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းတို့ကို ပံ့ပိုးကူညီခဲ့ပါသည်။

DIILM စီမံကိန်း ပြီးဆုံးချိန်တွင် အဓိကအောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို အကဲဖြတ်ရန်၊ လေ့လာတွေ့ရှိချက်များကို အတည်ပြုရန်နှင့် မျှဝေနိုင်ရန်၊ အိမ်အကူအလုပ်သမားများနှင့်ပတ်သက်၍ သဘောထားနှင့် ထင်မြင်ချက်ဆိုင်ရာ အကဲဖြတ်ခြင်းကို စီမံကိန်းအဖွဲ့က ၂၀၂၁ ခုနှစ် မေလနှင့် ဇွန်လအတွင်းတွင် ပြုလုပ်ခဲ့ပါသည်။ အိမ်အကူအလုပ်သမားများအတွက် စုပေါင်းသင်းဖွဲ့ဆောင်ရွက်နိုင်ရန်၊ ဝန်ဆောင်မှုဖြည့်ဆည်းပေးရန်နှင့်၊ အိမ်အကူအလုပ်သမားများအား ၎င်းတို့၏အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ခြင်းနှင့်၊ ၎င်းတို့၏ အခွင့်အရေးများအား ကာကွယ်ရန် ဥပဒေရေးဆွဲပြဋ္ဌာန်းရေး စည်းရုံးလှုံ့ဆော်မှုများကို ပံ့ပိုးဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲနေသော အဖွဲ့အစည်းများအတွက် ဤအကဲဖြတ်ချက်သည် အသုံးဝင်ပြီး အထောက်အကူပြုမည်ဟု မျှော်လင့်ပါသည်။

## ၂။ နည်းလမ်း

ဤအကဲဖြတ်ချက်အစီရင်ခံစာသည် DIILM စီမံကိန်းအဖွဲ့က ပြုစုထားသည့် မေးခွန်းလွှာများအပေါ် မိတ်ဖက်အဖွဲ့အစည်းများက စာဖြင့် ပြန်လည်ဖြေကြားခဲ့သည့် အဖြေများအား စုစည်းထားမှုအပေါ်တွင် အခြေခံထားပါသည်။ အောင်မြင်မှုများ၊ စိန်ခေါ်မှုများ၊ လေ့လာတွေ့ရှိချက်များကို တွေ့နိုင်ပြီး၊ အိမ်အကူအလုပ်သမားများအား ပံ့ပိုးဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များနှင့် အစီအစဉ်များကို အနာဂတ်တွင် ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်တစ်ရပ်အဖြစ် အသုံးပြုနိုင်ပါသည်။ အချို့အချက်အလက်များကို ရှင်းလင်းပြောကြားရန်နှင့်၊

ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များကို တောင်းခံရန် မိတ်ဖက်အဖွဲ့အစည်းများကို နောက်ဆက်တွဲ အီးမေးလ်ဆက်သွယ်မှုနှင့် ဖုန်းခေါ်ဆိုမှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အချို့ကိန်းဂဏန်း၊ စာရင်းဇယားနှင့် အသေးစိတ်အချက်အလက်များသည် ယခင်တင်သွင်းသည့် မိတ်ဖက်အဖွဲ့အစည်းများ၏အကြောင်းအရာအသေးစိတ်အစီရင်ခံစာ၊ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်ဆန်းစစ်ခြင်း (M&E) အစီရင်ခံစာများမှ ထုတ်နှုတ်ဖော်ပြထားခြင်း ဖြစ်သည်။

DIILM စီမံကိန်းအဖွဲ့သည် အိမ်အကူအလုပ်သမား ၁၀ ဦးအားဖိတ်ကြား၍ စီမံကိန်းလုပ်ဆောင်ချက်များနှင့် ၎င်းတို့တက်ရောက်ခဲ့သည့် သင်တန်းများနှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုများနှင့် တုံ့ပြန်အကြံပြုချက်များကို လက်ခံရရှိခဲ့ပါသည်။ Three Good Spoons ၏ License to Stir သင်တန်းဆင်းများနှင့် KBC အမျိုးသမီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ စီမံကိန်းအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့်၊ အိမ်အကူအလုပ်သမားများသည် ၎င်းတို့၏ အတွေ့အကြုံနှင့် ကိုယ်တွေ့အကြောင်း အရာများအား ဓါတ်ပုံများနှင့်အတူ DIILM စီမံကိန်းအဖွဲ့သို့ ဝေမျှပေးခဲ့ပြီး၊ အိမ်အကူအလုပ်သမား ပြဌာန်းချက် ၂၀၁၁ (အမှတ် ၁၈၉) ချမှတ်ကျင့်သုံးခြင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ILO (မြန်မာ) ဖေ့စ်ဘွတ်စာမျက်နှာ[1] နှင့် ILO ရန်ကုန် ဝက်ဘ်ဆိုက်[2] တို့တွင် လွှင့်တင်ရန် သဘောတူညီမှုပြုခဲ့ပါသည်။

# ၃။ ကန့်သတ်ချက်များ

အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ပြုလုပ်နေသည့်ကာလသည် မြန်မာနိုင်ငံတွင် ကိုဗစ်နိုင်တင်းရောဂါဆိုင်ရာ တားမြစ်ကန့်သတ်မှုများ၊ နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်နေခြင်းကြောင့် အသေးစိတ်သီးသန့်အစုအဖွဲ့ဖြင့် ဆွေးနွေးခြင်းများကို မဆောင်ရွက်နိုင်ခဲ့ပါ။

အချို့အိမ်အကူအလုပ်သမားများသည် ၎င်းတို့၏နေရပ်ဖြစ်သည့် ကျေးလက်များသို့ ပြန်သွားခဲ့ကြသည်။ လက်ရှိအုပ်ချုပ်နေသောအာဏာပိုင်အဖွဲ့က တစ်နိုင်ငံလုံး မိုဘိုင်းအင်တာနက် အသုံးပြုမှု ကန့်သတ်ချက်များ ပြုလုပ်ခဲ့ခြင်းကြောင့်၊ ဝိုင်ဖိုင် အင်တာနက် မရှိသော ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းမှ အင်တာနက်အသုံးပြုရန်မှာ မဖြစ်နိုင်ဘဲ အကန့်အသတ်များစွာ ရှိခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါ (သို့မဟုတ်) အာဏာသိမ်းမှုကြောင့် အချို့သည် ဘေးကင်းလုံခြုံရေးနှင့် အသက်အန္တရာယ်စိုးရိမ်ရသည့်အတွက် အလုပ်မှထွက်ပြီး နေရပ်သို့ပြန်သွားကြသူများ ရှိသလို၊ နိုင်ငံခြားသားအလုပ်ရှင်များက နိုင်ငံမှ ထွက်ခွာသွားခြင်းကြောင့် အလုပ်အကိုင် ဆုံးရှုံးသွားသူများလည်း ရှိသည်။ ရလဒ်အနေဖြင့် DIILM စီမံကိန်းသည် ရန်ကုန်တွင် ဆက်လက်နေထိုင် လုပ်ကိုင်နေသေးသော အိမ်အကူအလုပ်သမား အချို့ (သို့မဟုတ်) ကျေးလက်ဒေသရှိ အိမ်များမှ အင်တာနက်အသုံးပြုဆက်သွယ်နိုင်သူ အိမ်အကူအလုပ်သမား အချို့ကိုသာ ဆက်သွယ်နိုင်ခဲ့သည်။

ထို့ကြောင့် ဤအစီရင်ခံစာတွင် တင်ပြထားသော တွေ့ရှိချက်များသည် စီမံကိန်းလုပ်ဆောင်ချက်များတွင် ပါဝင်ခဲ့သော အိမ်အကူအလုပ်သမားအားလုံး၏ အတွေ့အကြုံကို ကိုယ်စားပြုနိုင်ခြင်းမရှိပါ။

[1] ILO မြန်မာ ဖေ့စ်ဘွတ်စာမျက်နှာ - https://www.facebook.com/ILOMyanmar

[2] ILO ရန်ကုန် ဝက်ဘ်ဆိုက် - https://www.ilo.org/yangon/publications/WCMS_803241/lang--en/index.htm

## ၄။ မိတ်ဖက် အဖွဲ့အစည်းများ

**ကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC)** သည် (ယုံကြည်ခြင်းဆိုင်ရာ) ဘာသာရေးအခြေပြု အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး၊ ၁၉၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ကာ၊ မြန်မာနိုင်ငံတွင် အသင်းတော်ပေါင်း ၂၀ ရှိပါသည်။ အမျိုးသမီးနှင့် အိမ်အကူအလုပ်သမားများအား စောင့်ရှောက်ရေးဆိုင်ရာဌာနကို ၁၉၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၈ ခုနှစ်တွင် နှစ် ၁၀၀ ပြည့် အခမ်းအနားကို ကျင်းပခဲ့သည်။ လက်ရှိတွင် ဌာနပေါင်း ၁၄ ခု ရှိပြီး၊ KBC အမျိုးသမီးဌာနသည် ရွှေ့ပြောင်းအလုပ်သမား၊ အိမ်အကူအလုပ်သမားနှင့် လူကုန်ကူးခံရပြီး ပြန်လည်လွတ်မြောက်လာသူများအတွက် ကူညီပေးနေပါသည်။ နေရာထိုင်ခင်း/ဂေဟာများနှင့် သဲလိုဂေဟာ (အမျိုးသမီးများဂေဟာ/နေရာထိုင်ခင်း) ကို တည်ထောင်ထားပြီး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပို့ချပေးသည်။


**Three Good Spoons** သည် ရန်ကုန်အခြေစိုက် အချက်အပြုတ်သင်တန်းကျောင်းတစ်ခု ဖြစ်ပြီး၊ အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင် မြှင့်တင်ရေးအတွက် အမြတ်အစွန်းအတွက် လုပ်ကိုင်ခြင်းမဟုတ်သော လူမှုဖွံ့ဖြိုးရေး လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ Three Good Spoons သည် မြန်မာအမျိုးသမီးများနှင့် ကျယ်ပြန့်စွာတည်ရှိနေသည့် ရပ်ရွာလူထု အသိုက်အဝန်းအတွက် ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း မြှင့်တင်ပေးရန် အိမ်ထောင်စုအတွက် အာဟာရ၊ သန့်ရှင်းကျန်းမာရေး၊ အချက်အပြုတ်တို့နှင့်ပတ်သက်၍ ကျွမ်းကျင်မှုများနှင့် အသိပညာများ မြှင့်တင်ပေးခြင်းကို အလေးထားဆောင်ရွက်ပေးသည်။

**နေဝန်းနီ ကျေးလက်ဒေသလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း** သည် ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ကျေးလက်ဒေသမှ ထွက်ခွာသွားသော ရွှေ့ပြောင်းသွားလာသူများအား ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်း အသိအမြင်များ တိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ကျွမ်းကျင်မှုများ မြှင့်တင်ပေးရန် ရပ်ရွာလူထုအသိုက်အဝန်းအတွင်း ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ၂၀၁၆ ခုနှစ်ကတည်းက ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်သည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်တန်းများ၊ ငွေကြေးစုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် ဘဝနေထိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပေးခြင်းနှင့်၊ ရွှေ့ပြောင်းသွားလာသူများအတွက် လှည့်ပတ်ရန်ပုံငွေထူထောင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်။

**Girl Determined** အဖွဲ့သည် တိုင်းနှင့်ပြည်နယ် ၆ ခုရှိ မြို့ပြဝန်းကျင်နှင့် ကျေးလက်ဒေသ လူထုအဖွဲ့အစည်းများအတွင်းရှိသော အရွယ်ရောက်ပြီး အမျိုးသမီးများအတွက် ပံ့ပိုး ကူညီဆောင်ရွက်ပေးသည့် လုပ်ငန်းအတွေ့အကြုံ ၁၀ နှစ် ရှိသော မြန်မာနိုင်ငံအခြေစိုက် မှတ်ပုံတင်ထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကချင်၊ ကရင်၊ ပလောင်၊ ပအိုဝ်၊ ထားဝယ်နှင့် အခြားလူမျိုးပေါင်းစုံဒေသများ၊ ကျောင်းများအပါအဝင် ကိုးကွယ်သည့်ဘာသာ၊ လူမျိုးနှင့် ဘာသာစကားအမျိုးမျိုးသုံးစွဲသော အုပ်စုများအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသမီးငယ်များအား မြန်မာနိုင်ငံ၏ ပြောင်းလဲနေသော အခြေအနေ များအလိုက် ရှင်သန်ရပ်တည်ရန်၊ အခွင့်အလမ်းသစ်များကို ပိုမိုလက်လှမ်းမီရရှိရန်နှင့် ဖြစ်နိုင်ချေအန္တရာယ်များကို လျှော့ချနိုင်ရန် ကျွမ်းကျင်မှု၊ ယုံကြည်မှုများ

တည်ဆောက်ပေးခြင်းနှင့် ပံ့ပိုးမှုစနစ်တစ်ရပ် ဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးသည်။ အစီအစဉ်အနေဖြင့် အမျိုးသမီးငယ်များအား နည်းစနစ်ကျသော ဘဝဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ၎င်းတို့၏ ငွေကြေးစီမံခန့်ခွဲခြင်း၊ ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ ဂရုပြုနေထိုင်ခြင်း၊ ၎င်းတို့အပေါ် လူမှုဆိုင်ရာ ပြင်ပသက်ရောက်မှုများအား အပြုသဘော ဆောင်သည့် တုံ့ပြန်မှုများနှင့်ပတ်သက်၍ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးသည်။

## ၅။ အိမ်အကူအလုပ်သမားများ ကိုယ်တိုင်ပြောသော - တိုးတက်ပြောင်းလဲသွားသည့် ၎င်းတို့၏ဘဝဇာတ်ကြောင်းများ




**ဒေးဒေးဘရိုက်**

မင်္ဂလာပါရှင့်။ ကျွန်မနာမည် ဒေးဒေးဘရိုက် (Day Day Bright) လို့ခေါ်ပါတယ်။ ကျွန်မက တော့ အိမ်အကူအလုပ်ကို ကျွန်မ အသက် (၁၀) နှစ်ကျော်ကတည်းက ယခုအချိန် အထိ လုပ်ကိုင်နေဆဲပဲ ဖြစ်ပါတယ်။ ခုကျွန်မ အသက် (၄၂) နှစ်ရှိ ပါပြီ။ ကျွန်မ ဖြတ်သန်းလာ ခဲ့ရတဲ့ အိမ်အကူ အလုပ်အတွေ့အကြုံကို အနည်းငယ် ပြောပြချင် ပါတယ်။ ကျွန်မတို့ အိမ်အကူ အလုပ်ကို ဘယ်သူမှလည်း အထင်မကြီးသလို၊ ကျွန်မတို့ကိုယ်တိုင်လည်း အားငယ်မိပါတယ်။ မိုးလင်းမိုးချုပ် အိမ်ထဲမှာပဲ အိမ်အလုပ်နဲ့လုံးပန်းနေရပါတယ်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်ဆိုတာလည်း မရှိခဲ့ပါဘူး။ တစ်နှစ်တစ်ခါ ဇာတိမွေးရပ်မြေကိုတော့ ပြန်ခွင့်ရပါတယ်။ ၂၀၁၃ မှာတော့ ကျွန်မ နိုင်ငံခြားသားမိသားစုနဲ့ စတင်အလုပ်လုပ်ခဲ့ပါတယ်။ အဲ့ဒီအလုပ်မှာတော့ တနင်္ဂနွေပိတ်ရက်ကို အပြည့်ရရှိခဲ့ပါတယ်။ အဲ့ဒီမိသားစုနဲ့လုပ်ကိုင်နေဆဲမှာ သူငယ်ချင်းတစ်ယောက်ရဲ့ လမ်းညွှန်မှုနဲ့ Three Good Spoons နဲ့ ILO တို့ ဖွင့်တဲ့ သင်တန်းကို ကျွန်မ တက်ခဲ့ပါတယ်။ အဲ့သင်တန်းကို ရောက်တဲ့အခါမှာတော့ အိမ်အကူအလုပ်သမားများ သိထားသင့်တဲ့၊ တတ်ထားသင့်တဲ့ ရှေးဦးသူနာပြုစုနည်း၊ ကျန်းမာအောင် အာဟာရရှိအောင် ချက်ပြုတ်ခြင်း၊ ကိုယ်ခံပညာ၊ အင်္ဂလိပ် စကားပြောအခြေခံ၊ သန့်ရှင်းရေး၊ ဥပဒေနဲ့ဆိုင်တဲ့အသိပညာအပြင်၊ ကျွန်မတို့ အိမ်အကူအလုပ်သမားတွေဟာ အိမ်ရှင်များအတွက် ဘယ်လောက်အထောက်အကူပြုနေတဲ့ လူတွေလဲဆိုတာ သိရှိနားလည်ခဲ့ပါတယ်။ အဲ့အချိန်မှ ကျွန်မလဲ ကိုယ့်ရဲ့တန်ဖိုးကို သိလာခဲ့ပါတယ်။ ဟုတ်ပါတယ်၊ တကယ်တော့ ကျွန်မတို့လဲ လူသားထဲက လူသားတစ်ယောက်ပါပဲ။ အားတွေတက်လာခဲ့တယ်။ ရဲရင့်လာခဲ့တယ်။ အားငယ်စိတ်တွေ မရှိတော့ပါဘူး။ ပြီးတော့၊ ကျွန်မတို့မှာလဲ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး လေ့လာသင်ယူခဲ့ရတာ ခုဆို တစ်နှစ်ပြည့်ခဲ့ပါပြီ။ ကျွန်မအနေနဲ့ ဘာမှတောင်းဆိုစရာမလိုဘဲ ကျွန်မ ရရှိသင့်တဲ့ အခွင့်အရေးအားလုံး ရရှိခဲ့ပါတယ်။ ဒီအတွက်လဲ Three Good Spoons နဲ့ ILO ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။




### နော်နိုက်ချူးငါး

အားလုံးပဲ မင်္ဂလာပါရှင့်။ ကျွန်မနာမည်ကတော့ နော်နိုက်ချူးငါး ဖြစ်ပါတယ်ရှင့်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီးမှာ နေထိုင်ပြီး၊ လက်ရှိမှာတော့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်မှာ အိမ်အကူအလုပ် လုပ်ကိုင်နေသူ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှာ Three Good Spoons နဲ့ ILO တို့ ဖွင့်တဲ့သင်တန်းကို တက်ရောက်ခဲ့ပါတယ်။ အိမ်အကူအလုပ်ကို ၂၀၂၀ ဖေဖော်ဝါရီလ ကုန်ပိုင်းလောက်ကနေ စတင်လုပ်ကိုင်လာတာ အခုဆိုရင် အိမ်အကူ သက်တမ်း ၁နှစ်နဲ့ ၃လ ရှိပါပြီ။ သင်တန်းနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို အဒေါ်တစ်ဦးထံမှ သိရှိရပြီးနောက် တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှာ အိမ်အကူအလုပ်သမားတွေရဲ့ ဘဝခံစားချက်တွေကို သိရှိရသလို၊ ကျန်းမာရေးနဲ့ ညီညွတ်မျှတအောင် ဘယ်လိုချက်ပြုတ်စားသောက်ရမလဲ၊ ဘယ်လို သန့်ရှင်းအောင် ထားမလဲ၊ သန့်ရှင်းရေးကို ဘယ်လို စနစ်တကျ လုပ်ဆောင်ရမလဲ၊ ငွေကြေးကိုရော ဘယ်လို စုဆောင်းသုံးစွဲရမလဲ၊ တစ်ခြားနိုင်ငံသားတွေနဲ့ ဘယ်လို ပေါင်းသင်းဆက်ဆံရမလဲ ဆိုတာတွေကို သင်ယူလေ့လာခွင့်ရခဲ့ပါတယ်။ သင်တန်းတက်ရောက်ပြီးတဲ့နောက်မှာတော့ ကျွန်မရဲ့ ဘဝက သိသိသာသာ ပြောင်းလဲလာပါတယ်။ အလုပ်တစ်ခုကို ပြီးစလွယ် မလုပ်တတ်တော့ပါဘူး။ မပျင်းတတ်တော့ပါဘူး။ သန့်ရှင်းစွာ ချက်ပြုတ်၊ ဆေးကြောတတ်လာပါတယ်။ လူတွေနဲ့ အကောင်းဆုံး ပေါင်းသင်းဆက်ဆံတတ်လာပါတယ်။ ငွေကြေးကိုလည်း စနစ်တကျ စည်းကမ်းနဲ့ သုံးစွဲတတ်လာပါတယ်။ အိမ်အကူအလုပ်သမားတွေကို အကြံပေးချင်တာကတော့ ဘယ်လောက်ပဲ ခက်ခဲပါစေ၊ မှန်မှန်ကန်ကန်နဲ့ ဖြူဖြူစင်စင် အလုပ်ကို အကောင်းဆုံး လုပ်ပေးကြပါလို့ ပြောချင်ပါတယ်။ ကျွန်မလို အိမ်အကူအလုပ်သမားတွေရဲ့ ဘဝကို ကူညီလမ်းညွှန်ပေးတဲ့ Three Good Spoons သင်တန်းကျောင်းကြီးကို ဆက်လက် ရှိစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

### ချိုမာဝင်း




အားလုံးပဲ မင်္ဂလာပါရှင့်။ ကျွန်မနာမည် ချိုမာဝင်းပါ။ သူငယ်ချင်းက လမ်းညွှန်ပေးခဲ့တဲ့အတွက် Three Good Spoons သင်တန်းကို ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ တက်ရောက်ခဲ့ပါတယ်။ သင်တန်းပြီးသွားတော့ ကျွန်မ လစာကောင်းကောင်းရတဲ့ အိမ်အကူအလုပ်တစ်ခုကို ရရှိခဲ့ပါတယ်။ သင်တန်းမတက်ရောက်ခင်က ကျွန်မ အရမ်းစိတ်အားငယ်ခဲ့ရပါတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း မရှိဘူး။ အနိမ့်လည်း ခံခဲ့ရပါတယ်။ ဒါပေမဲ့ သင်တန်း

တက်ပြီးတော့ ကျွန်မ ပြောင်းလဲလာခဲ့ပါတယ်။ အရင်ကထက် ကျွန်မကိုယ် ကျွန်မ ယုံကြည်မှု ရှိလာတယ်။ ကျွန်မရဲ့ အရည်အချင်းတွေ တိုးတက်လာပါတယ်။ အိမ်အကူအလုပ်နဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို သိလာတယ်။ မိသားစုကိုလည်း အရင်ကထက် ပိုပြီး ထောက်ပံ့နိုင်လာတယ်။ ကျွန်မအရမ်းပျော်ပါတယ်။ ဒါကြောင့် ကျွန်မတို့လို အိမ်အကူအလုပ်လုပ်ကိုင်နေတဲ့ အခြားသော အမျိုးသမီးများကိုလည်း Three Good Spoons သင်တန်းကို တက်ရောက်ဖို့ တိုက်တွန်းချင်ပါတယ်။ Three Good Spoons သင်တန်းကို ငွေကြေးထောက်ပံ့ပေးတဲ့ ILO နဲ့ LIFT Myanmar တို့ကို အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်မတို့လို အိမ်အကူအလုပ်သမားတွေအတွက် အရေးပါတဲ့ Three Good Spoons သင်တန်းလိုမျိုး သင်တန်းတွေ အမြဲတမ်း ရှိသင့်ပါတယ်လို့ ကျွန်မ အကြံပြုပါရစေ။ အိမ်အကူအလုပ်သမားတွေအတွက် မြန်မာနိုင်ငံအစိုးရအနေနဲ့ ပြဋ္ဌာန်းချက် အမှတ် (၁၈၉) ကို အတည်ပြု လက်မှတ်ရေးထိုးစေချင်ပါတယ်။




**ချောစု**

မင်္ဂလာပါရှင်။ ကျွန်မနာမည်ကတော့ ချောစု ဖြစ်ပါတယ်။ ကျွန်မကတော့ ကယားပြည်နယ်မှာ နေထိုင်ပြီး၊ အခြေအနေအကြောင်းအမျိုးမျိုး ကြောင့် ရန်ကုန်မြို့မှာ အိမ်အကူအလုပ်ကို လာရောက် လုပ်ကိုင်နေခြင်း ဖြစ်ပါတယ်။ အခုဆိုရင် အိမ်အကူအလုပ် လုပ်ကိုင်ခဲ့တာ (၄) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ Three Good Spoons သင်တန်းကို သူငယ်ချင်းဆီကတဆင့် သိခဲ့ရပြီး၊ တက်ချင်စိတ် ပြင်းပြတာကြောင့် ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ တက်ရောက်နိုင်ခဲ့ပါတယ်။ အိမ်အကူသင်တန်းဟာ အိမ်အကူတွေသာမက အမျိုးသမီးတိုင်း တက်သင့်တဲ့သင်တန်းလို့ ထင်ပါတယ်။ အိမ်အလုပ် လုပ်တတ်တယ်ဆိုရုံနဲ့ အလုပ်ရှာတာထက်၊ အိမ်အကူလက်မှတ်ရှိတာကို ပိုယုံကြည်လာကြပါတယ်။ ဘယ်အလုပ်အကိုင်မဆို လက်မှတ်များစွာနဲ့ အလုပ်လုပ်နေကြရတာပါ။ ကျွန်မတို့ အိမ်အကူအလုပ်ဆိုရင်လည်း လက်မှတ် လိုအပ်ပါတယ်။ နှုတ်တစ်ရာ စာတစ်လုံးပါ။ ဒါကြောင့် ကျွန်မ ဒီသင်တန်းကို တက်ရောက်ခဲ့တာပါ။

သင်တန်းတက်ရောက်ပြီးနောက် အဓိကကတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိလာတာပါ။ အိမ်အကူအလုပ်သမားတွေရဲ့နောက်မှာ ရပ်တည်ပေးတဲ့ အဖွဲ့အစည်းတွေရှိတဲ့အတွက်ကြောင့် အိမ်အကူအလုပ်ကို အလုပ်တစ်ခုအနေနဲ့ အသိအမှတ်ပြုခံရပါတယ်။ သင်တန်းမှာ အချင်းချင်း တိုင်ပင်ဆွေးနွေးမှုအပါအဝင် လက်တွေ့နဲ့ စာတွေ့သင်ခန်းစာတွေ ပါဝင်ပြီး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ ဗဟုသုတနဲ့ ကျွမ်းကျင်မှုတွေ တိုးပွားလာပါတယ်။ လက်တွေ့ရော စာတွေ့ပါ အရေးကြီးကြောင်း သိရှိလာရပါတယ်။ ဒီသင်တန်းကို တက်ရောက်ခွင့်ရတာကို ကျေးဇူးတင် ဂုဏ်ယူပါတယ်။

တစ်ခြားအိမ်အကူအလုပ်သမားတွေကိုလည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုတိုးလိုပြီး၊ မိမိရဲ့အလုပ်ကို အသိအမှတ်ပြု ခံလိုတယ်ဆိုရင် အိမ်အကူသင်တန်းတွေ တက်ရောက်ဖို့ အကြံပြုချင်ပါတယ်။ ဒီလိုသင်တန်းတက်ရောက်ခြင်းဖြင့် အိမ်ရှင်နဲ့ အိမ်အကူကြား အဆင်မပြေမှုတွေကိုလည်း ဖြေရှင်းနိုင်ကြမယ်လို့ ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ယုဝါလှိုင်




မင်္ဂလာပါရှင်။ ကျွန်မ ယုဝါလှိုင်ပါ။ ကျွန်မက အိမ်အကူအလုပ်သမားတစ်ယောက် ဖြစ်ပါတယ်။ ကျွန်မ အိမ်အကူလုပ်ခဲ့တာ နှစ်ပေါင်း (၁၄) နှစ် ရှိပါပြီ။ ယခင်အလုပ်ရှင်က လမ်းညွှန်ပေးခဲ့လို့ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ Three Good Spoons သင်တန်းကို တက်ရောက်ခဲ့ပါတယ်။ ဒီသင်တန်းကနေ အိမ်တွင်း ကျန်းမာရေးနဲ့ အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် ဆက်သွယ်ခြင်း၊ အိမ်အကူအလုပ်အကိုင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ကျန်းမာရေးနဲ့ ညီညွတ်စွာ ချက်ပြုတ်ခြင်း၊ ကိုယ်ခံပညာ၊ အခြေခံအင်္ဂလိပ်စာ၊ ရှေးဦးသူနာပြုနည်းများ၊ အခြေခံ စာရင်းအင်း ကိုင်တွယ်လုပ်ဆောင်ခြင်း စတာတွေကို သင်ကြားတတ်မြောက်ခဲ့ပြီး၊ လုပ်ငန်းခွင်မှာ လက်တွေ့အသုံးချခွင့် ရရှိခဲ့ပါတယ်။ သင်တန်း တက်ရောက်ပြီးတဲ့နောက် လုပ်ငန်းခွင်မှာ မီးဖိုချောင် အသုံးအဆောင်တွေ၊ အသီးအနှံ၊ အသား၊ ငါးတွေကို စနစ်တကျ သန့်ရှင်းစွာ ကိုင်တွယ် တတ်လာပါတယ်။ ဒါ့အပြင် သင်တန်းမှာ အခြေခံအင်္ဂလိပ်စာ သင်ကြားပေးခဲ့တဲ့အတွက် နိုင်ငံခြားသားအလုပ်ရှင်နဲ့ ပထမဦးစွာ လုပ်ငန်းခွင်ဆက်ဆံရေး မှာ အဆင်ပြေ ချောမွေ့လာပါတယ်။ အိမ်အကူအလုပ် လုပ်ရတာကို အရင်က သိမ်ငယ်မှုရှိတယ်လို့ ထင်ခဲ့ပေမဲ့ သင်တန်းကျောင်းမှာ သင်ကြားရရှိခဲ့တဲ့ အသိပညာ၊ သင်တန်းကာလအပြီး လက်တွေ့လုပ်ငန်းခွင်မှာ ရရှိတဲ့ ကောင်းမွန်တဲ့ လုပ်ငန်းအတွေ့အကြုံတွေကြောင့် 'အလုပ်ဟူသမျှ ဂုဏ်ရှိစွ' ဆိုသလိုပဲ သိမ်ငယ်မှုကင်းရှင်းစွာနဲ့ မိမိကိုယ်မိမိ ယုံကြည်မှုများ တိုးပွားလာခဲ့ပါတယ်။ အခြားသော အိမ်အကူအလုပ်သမားတွေကိုလည်း Three Good Spoons သင်တန်းကို တက်ရောက်ဖို့ လမ်းညွှန်ချင်ပါတယ်။ အိမ်အကူအလုပ်သမားတွေအတွက် Three Good Spoons သင်တန်းလိုမျိုး အိမ်အကူကျွမ်းကျင်သင်တန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပေးဖို့ အကြံပြုချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။




## နော်သိမ့်သိမ့်အောင်

ကျွန်မနာမည်က နော်သိမ့်သိမ့်အောင် ဖြစ်ပါတယ်။ ပဲခူးတိုင်းက ဖြစ်ပါတယ်။ ကျွန်မ အခု အသက် (၂၉) နှစ် ပြည့်ပါပြီ။ အသက် (၁၃) နှစ် အရွယ်ကတည်းက တောကနေ ရန်ကုန်မြို့ပေါ် တက်လာပြီး (၁၀) နှစ်တိုင်တိုင် အိမ်အကူ အလုပ်ကို လုပ်ကိုင်ခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာ စင်ကာပူကို သွားပြီး တစ်နှစ်ခွဲ အလုပ်လုပ်ခွင့်ရခဲ့ပါတယ်။ (၁) နှစ်ခွဲကာလအတွင်း အရမ်းပင်ပန်းခဲ့ရပြီး၊ အိပ်ရေးမဝတာက အဓိက အခက်အခဲ ဖြစ်ပါတယ်။ နေ့ဘက်မှာ အိမ်အလုပ်တွေကို တစ်နေကုန်လုပ်ရပြီး၊ ညဘက်ကျတော့ ကလေးပြန်ထိန်းရပါတယ်။ ကလေး မအိပ်ရင် ကျွန်မလည်း မအိပ်ရပါဘူး။ မနက်ကို (၅) နာရီ ထပြီး အိမ်အလုပ် စလုပ်ရပါတယ်။ ကြာလာတော့ မခံနိုင်တော့တာကြောင့် မြန်မာနိုင်ငံကို ပြန်လာခဲ့ပါတယ်။ မြန်မာပြည်ကို ပြန်ရောက်ပြီး မကြာခင်ပဲ၊ ဂျပန်ကို သွားဖို့ လိုအပ်တဲ့သင်တန်းတွေကို စုံစမ်းပြီး လိုက်တက်ခဲ့ပါတယ်။ အဲ့အချိန်မှာ မထင်မှတ်ပဲ ရင်းနှီးတဲ့ ဆရာမတစ်ဦးနဲ့ တွေ့ဆုံခဲ့ပြီး၊ ILO ရဲ့ ပံ့ပိုးမှုနဲ့ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်က သင်ကြားပို့ချပေးတဲ့ အိမ်တွင်းဝန်ဆောင်မှုသင်တန်းရှိကြောင်း ကြားသိခဲ့ပါတယ်။ ကျွန်မသင်တန်းတက်ရောက်ဖို့ စိတ်ပါဝင်စားတဲ့အတွက် အွန်လိုင်းသင်တန်းကို ၂၀၂၀ခုနှစ် အောက်တိုဘာ (၁၉) ရက်ကနေ (၂၃) ရက်နေ့အထိ တက်ရောက်ခဲ့ပါတယ်။ သင်တန်း (၅) ရက်တာကာလအတွင်းမှာ ဗဟုသုတနဲ့ သိသင့်သိထိုက်တဲ့ ကျွမ်းကျင်မှုတွေကို လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ စိတ်ဓါတ်ခွန်အားနဲ့ မိမိကိုယ်မိမိယုံကြည်မှုအပြင် အလုပ်အကိုင်အခွင့်အလမ်းတွေကိုလည်း ရရှိခဲ့ပါတယ်။ သင်တန်းကနေ အသိအမှတ်ပြုလက်မှတ် (Certificate) လည်း ရခဲ့ပါတယ်။ အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ် (၁၈၉) ကို လေ့လာသိရှိရတဲ့အခါ မိမိတန်ဖိုးကို မိမိနားလည်လာပြီး မိမိအခွင့်အရေးတွေကို တောင်းဆိုဖို့သိလာခဲ့ပါတယ်။ အားထားလို့ရတဲ့ ကူညီပံ့ပိုးပေးတဲ့အဖွဲ့အစည်းတွေ အများကြီးရှိတဲ့အတွက် ဝမ်းသာပျော်ရွှင်ရပါတယ်။ အဲ့ဒီနောက် အိမ်တွင်းဝန်ဆောင်မှု အွန်လိုင်းသင်တန်းကပေးတဲ့ အသိအမှတ်ပြုလက်မှတ် (Certificate) နဲ့ စင်ကာပူမှာ အလုပ်သွားလုပ်ဖို့ အေးဂျင့်ကနေတဆင့် အလုပ်လျှောက်ခဲ့ပါတယ်။ မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝနဲ့ စင်ကာပူမှာ အလုပ်လုပ်ခဲ့ပါတယ်။ လစဉ်လုပ်အားခ စင်ကာပူဒေါ်လာ (၅၇၀) ရရှိပြီး၊ နေထိုင်စားသောက်မှုအားလုံး အဆင်ပြေခဲ့ပါတယ်။ ဒါပေမဲ့ စာချုပ်မှာ အဖိုးအဖွားပြုစုစောင့်ရှောက်ဖို့ဆိုပြီး ရေးထားပေမဲ့၊ တကယ့်လက်တွေ့မှာတော့ တစ်အိမ်လုံးအတွက် အစားအသောက် ပြင်ဆင်ပေးရတဲ့အတွက် စာချုပ်နဲ့ မကိုက်ညီပါဘူး။ အလုပ်လုပ်တာ (၃)လ ပြည့်ပြီဖြစ်တဲ့အတွက် အေးဂျင့်နဲ့တွေ့ပြီး အိမ်ရှင်နဲ့ ညှိနှိုင်းဖို့ အစီအစဉ်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ဖို့ သိရှိရခြင်းဟာ သင်တန်းမှရရှိခဲ့တဲ့ အသိပညာများကြောင့်ပဲ ဖြစ်ပါတယ်။ သင်တန်းကို ပို့ချပေးတဲ့ KBC နဲ့ ILO ကို အထူးကျေးဇူးတင်ပါတယ်။ ပြည်ပကို အိမ်အကူအလုပ် သွားလုပ်မယ့် အလုပ်သမားတွေကို အကြံပေးချင်တာကတော့ မသွားခင် ကိုယ်သွားမယ့်နိုင်ငံရဲ့ ဘာသာစကား၊ ရေမြေဒေသအခြေအနေကို လေ့လာပါ။ နားလည်တတ်ကျွမ်းသူတွေနဲ့ ဆွေးနွေးတိုင်ပင်ပါ။

## နန့်ဆောင်းနှင်းဝေ




သမီးအမည်က နန့်ဆောင်းနှင်းဝေဖြစ်ပါတယ်။ သမီးအသက် (၁၅) နှစ်ရှိပါပြီ။ သမီးမွေးရပ်မြေက ဧရာဝတီတိုင်းဖြစ်ပါတယ်။ သမီးအသက် (၉) နှစ်အရွယ်ကတည်းက မိသားစု စားဝတ်နေရေး အခက်အခဲများကြောင့် အိမ်အကူအလုပ်ကို လုပ်ခဲ့ရပါတယ်။ ပထမ အလုပ်စဝင်တုန်းက လုပ်ရတဲ့ အိမ်အလုပ်များကတော့ ကလေးထိန်း၊ အိမ်အလုပ်တွေ ဖြစ်ပြီး၊ လစဉ်လုပ်အားခ မြန်မာငွေကျပ် သုံးသောင်းရရှိပါတယ်။ သုံးလကြာအောင် လုပ်ပြီးနောက်တစ်အိမ် ပြောင်းလုပ်တဲ့အခါမှာလည်း၊ ပထမအိမ်လိုပဲ ကလေးထိန်း၊ အိမ်အလုပ်လုပ်ရပါတယ်။ တတိယအိမ်မှာ လုပ်ရတဲ့အလုပ်တွေက ကွမ်းယာရောင်း၊ စတိုးဆိုင်ဈေးရောင်း၊ အိမ်အလုပ်အပြင် ခါတ်ဆီဆိုင်မှာ ဆီဖြည့်ရတဲ့ အလုပ်တွေ ဖြစ်ပါတယ်။ မနက်အစောကြီးထရပြီး အိမ်အလုပ်တွေလုပ်ရပါတယ်။ အိမ်အလုပ်တွေပြီးတာနဲ့ ကွမ်းယာရောင်း၊ စတိုးဆိုင် ဈေးကူရောင်းရပြီး၊ ညဘက်မှာလည်း ဓါတ်ဆီရောင်းရပါတယ်။ တစ်ခါတလေ အိမ်ရှင်ရဲ့သမီးဖွင့်ထားတဲ့ အလှပြင်ဆိုင်မှာလည်း သွားပြီး ကူလုပ်ရပါသေးတယ်။ အလုပ်တွေလည်း ပင်ပန်း၊ အိပ်ရေးပျက်ပေါင်း များလာတဲ့အခါ အလုပ်လုပ်ရာမှာ အမှားတွေဖြစ်လာတဲ့အတွက် ညှင်းဆဲရိုက်နက်ခြင်းများ ခံရပါတယ်။ မိဘတွေက ရိုးသားတဲ့အတွက် သမီး ဒီလိုခံနေရတာကို သူတို့မသိပါဘူး။ သူများက ကောင်းကောင်းထားတယ်လို့ပြောတာနဲ့ သူတို့က ယုံလိုက်တာပဲ။ သမီးအတွက် အရမ်းပင်ပန်းပြီး မခံနိုင်တော့တဲ့နောက်ဆုံး ထွက်ပြေးခဲ့ပါတယ်။ ဒါပေမဲ့ သမီးကို သူတို့ ပြန်ဖမ်းမိပါတယ်။ သုံးခါလောက် ထွက်ပြေးတဲ့အခါမှာ သူတို့က ရဲစခန်းကို ပို့ပြီး ပြန်ခေါ်ထားပါတယ်။ နောက်ဆုံး လေးခါမြောက်ထွက်ပြေးတော့ လွတ်မြောက်ခဲ့ပြီး အဒေါ်အိမ်မှာ ပုန်းခဲ့ပါတယ်။ သမီး တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ကြားသိပြီး အမျိုးသမီးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းက သမီးမိဘများနဲ့အတူ သမီးကို လာခေါ်ပါတယ်။ အဖွဲ့အစည်းများ ချိတ်ဆက်ပေးမှုကြောင့် ကိုဗစ်ကာလအခက်အခဲဖြစ်နေတဲ့ အိမ်အကူအလုပ်သမားတွေအတွက် ထောက်ပံ့ငွေနဲ့ ကိုဗစ်ရောဂါနဲ့ ပတ်သက်တဲ့ အသိပညာတွေအပြင် ကလေးအိမ်အကူအလုပ်သမား တစ်ဦးအနေနဲ့ ရသင့်တဲ့အခွင့်အရေး၊ အလုပ်ချိန်၊ နားချိန်၊ မိမိကိုယ်ကို တန်ဖိုးထားမှု စတာတွေ သိရှိလာရတဲ့အတွက် အင်မတန်အကျိုးရှိပါတယ်။ ဒီထောက်ပံ့ငွေနဲ့ လက်မှုပညာများကို သင်ယူခွင့်ရခဲ့ပါတယ်။ ယခုလက်ရှိမှာ လက်မှုပညာနဲ့ သက်ဆိုင်တဲ့ စက်ချုပ်၊ ပန်းထိုးအတတ်ပညာတွေကို သင်ယူနေပါတယ်။ သမီးရဲ့ အိပ်မက်က ဒီဇိုင်နာ တစ်ယောက်ဖြစ်ဖို့ပါ။ သမီးကြိုးစားမှာပါ။ အခုလဲ သမီး ပန်းထိုးတဲ့ လက်ရာလေးတွေက လှလည်းလှ၊ သပ်သပ်ရပ်ရပ်ရှိတယ်လို့ ပြောကြပါတယ်။ သမီးအိပ်မက်ကို အကောင်အထည်ဖော်ပေးတဲ့ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အမျိုးသမီးဌာနနဲ့ ILO တို့ကို အထူးကျေးဇူးတင်ပါတယ်။ နောက်ဆုံးအနေနဲ့ သမီး တောင်းဆိုချင်တာကတော့ သမီးတို့လို ကလေးအိမ်အကူအလုပ်သမားတွေအတွက် ဥပဒေသစ် တစ်ရပ် ရေးဆွဲဖော်ဆောင်ပေးဖို့ဖြစ်ပါတယ်။

## နော်ဂျဲနက်

ကျွန်မ နာမည် နော်ဂျဲနက် ဖြစ်ပါတယ်။ ကျွန်မက ရေဝတီတိုင်းမှာ နေထိုင်ပါတယ်။ အိမ်အကူအလုပ်ကို လုပ်တာ (၅)နှစ်ရှိပါပြီ။ ရွာကို ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရဲ့ အမျိုးသမီးဌာနက အိမ်အကူအလုပ်သမားများနဲ့ပတ်သက်တဲ့ အမြင်ဖွင့်သင်တန်းကို လာရောက်ပို့ချခဲ့ပါတယ်။ ဒီသင်တန်းကို ကျွန်မလည်း စိတ်ဝင်စားတာကြောင့် တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှာ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်း၊ အိမ်အကူအလုပ်သမား တစ်ဦးအနေနဲ့ သိသင့်သိထိုက်တဲ့အရာတွေ၊ လုပ်ငန်းခွင်အတွင်း ဆောင်ရန်ရှောင်ရန်နဲ့၊ အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ ပြဌာန်းချက် အမှတ် (၁၈၉) တို့ကို လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ ကျွန်မအတွက် မကြားဖူး၊ မလေ့လာဖူးတဲ့ အရာတွေဖြစ်ပြီး၊ လုပ်ငန်းခွင်အတွက် အင်မတန်အကျိုးရှိတဲ့ အရာတွေ ဖြစ်ပါတယ်။ သင်တန်းသားအချင်းချင်း မိမိတို့ရဲ့ အလုပ်အကိုင် အတွေ့အကြုံတွေကို ဖလှယ်ခွင့်ရခဲ့ပါတယ်။ ဒီသင်တန်းကို တက်ရောက်ခွင့်ရတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ တစ်ရက်မှာ သာသနာနယ်က အမျိုးသမီးခေါင်းဆောင်က ကျွန်မဆီလာပြီး စက်ချုပ်တာ ဝါသနာပါလား မေးပါတယ်။ ကျွန်မကလည်း ဝါသနာတော့ပါတယ်။ ဒါပေမဲ့ သင်တန်းတက်ဖို့ ပိုက်ဆံ မရှိဘူးလို့ ပြောလိုက်ပါတယ်။ အဲဒီနောက် ဆရာမက ILO က ထောက်ပံ့ပေးတဲ့ (Organizing Domestic Workers Project) မှ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အမျိုးသမီးဌာနက ပြုလုပ်ပေးတဲ့ (၃) လ စက်ချုပ်သင်တန်းရှိကြောင်း ပြောပြခဲ့ပါတယ်။ သင်တန်းကို စိတ်ဝင်စားတာကြောင့် လျှောက်လွှာတင်ခဲ့ပါတယ်။ ကံကောင်းစွာနဲ့၊ လူ(၅)ဦး ရွေးချယ်ထားတဲ့အထဲမှာ ကျွန်မ ပါဝင်ခဲ့ပါတယ်။





စက်ချုပ်သင်တန်းကို (၄.၁၁.၂၀၁၉) မှ စတင်သင်ကြားခဲ့ပြီး (၇.၂.၂၀၂၀) နေ့မှာ သင်တန်းကို အောင်မြင်စွာ တတ်မြောက်ခဲ့ပါတယ်။ သင်တန်းရဲ့ရည်ရွယ်ချက်ကတော့ အိမ်အကူအလုပ်သမားတွေအနေနဲ့ စက်ချုပ်အတတ်ပညာနဲ့ မိသားစုဝင်ငွေ ဖန်တီးရှာဖွေနိုင်ပြီး၊ ကိုယ်ပိုင်ဘဝဖြင့် ရပ်တည်နိုင်ရန် ဖြစ်ပါတယ်။ အခြေခံစက်ချုပ်ခြင်းနှင့် အဆင့်မြင့်စက်ချုပ်ခြင်းများ အထိ သင်ကြားပို့ချပေးခဲ့ပါတယ်။ ဆရာမများရဲ့စီစဉ်ပေးမှုကြောင့်လည်း စက်တစ်လုံးရရှိခဲ့ပါတယ်။ ကျွန်မ ရွာပြန်နေပြီး စက်ချုပ်တဲ့အခါ တစ်လကို မြန်မာငွေကျပ် (၁၅၀,၀၀၀) ရရှိပါတယ်။ ကိုဗစ်ကာလမှာ တခြားသူတွေ ဝင်ငွေရဖို့ အခက်အခဲရှိနေပေမဲ့ ကျွန်မကတော့ ကျွန်မရတဲ့ ဝင်ငွေနဲ့ မိသားစုကို ထောက်ပံ့ပေးနိုင်ပါတယ်။ အဲဒီအတွက်လည်း အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်မ အားပေးချင်တာက ကျွန်မတို့ ရွှေ့ပြောင်းအိမ်အကူအလုပ်သမားတွေ အနေနဲ့ အလုပ်လုပ်တဲ့အခါ ငွေစုနိုင်တဲ့ အမျိုးသမီးများရှိသလို အခက်အခဲအမျိုးမျိုးကြောင့် ငွေမစုနိုင်တဲ့သူများလည်း ရှိကြပါတယ်။ ဒါပေမဲ့ အတတ်နိုင်ဆုံး ငွေစုပြီးတော့ ကျွန်မတို့ရဲ့ လစဉ်ဝင်ငွေလေးတွေနဲ့ တနိုင်တပိုင် စီးပွားရေး လုပ်ငန်းလေးတွေကို လုပ်ဆောင်နိုင်မယ်ဆိုရင်၊ ဒီလိုခက်ခဲနေချိန်မှာ ကျွန်မတို့အတွက် တစ်ထောင့်တစ်နေရာက အထောက်အကူပြုမယ်လို့ ထင်ပါတယ်ရှင်။

## နော်ဂျူးလိယက်သိန်း




ကျွန်မနာမည်က နော်ဂျူးလိယက်သိန်း ဖြစ်ပါတယ်။ အိမ်အကူအလုပ်ကိုလုပ်တာ တစ်နှစ်ပဲ ရှိပါသေးတယ်။ ကျွန်မ မွေးရပ်ဇာတိက ရန်ကုန်တိုင်း ဖြစ်ပါတယ်။ အိမ်ရဲ့ မပြေလည်မှုကြောင့် ပွဲစားကနေတစ်ဆင့် ရန်ကုန်မြို့ကို တက်လာပြီး အလုပ်လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်မ ရရှိတဲ့ ပုံမှန် လုပ်အားခက (၁၀၀,၀၀၀) ကျပ် ဖြစ်ပါတယ်။ အလုပ်လုပ်တဲ့အိမ်မှာ မိသားစုဝင် ၉ ယောက်ရှိပါတယ်။ မိသားစု ၉ ယောက်ရဲ့ ဝေယျာဝိစ္စတွေကို လုပ်ကိုင်ပေးခဲ့ရပါတယ်။ မိသားစုများတဲ့အခါ အစားအသောက်နဲ့ပတ်သက်ပြီး အမျိုးမျိုး လုပ်ပေးရတဲ့အတွက် အခက်အခဲများစွာ ရှိခဲ့ပါတယ်။ ညဘက်ဆိုရင်လည်း ကလေးထိန်းရပါသေးတယ်။ ကြာလာတဲ့အခါ ကျွန်မ မခံနိုင်တော့တဲ့အဆုံး အလုပ်ထွက်ခဲ့ပါတယ်။ အလုပ်ထွက်တဲ့အချိန်မှာ ကိုဗစ်ဖြစ်နေတဲ့အတွက် ကျွန်မ ရှာပြန်ဖို့ အခက်အခဲရှိခဲ့ပါတယ်။ အဲဒါနဲ့ ကျွန်မအသိ ဆရာမတစ်ယောက်ကို၊ သူ့အိမ်မှာ ခဏနေဖို့ အကူအညီတောင်းခဲ့ပါတယ်။ ဆရာမအိမ်မှာ နေနေတဲ့အချိန်အတောအတွင်း၊ ILO ပံ့ပိုးမှုနဲ့ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်က အိမ်အကူအလုပ်သမားတွေအတွက် အိမ်တွင်းဝန်ဆောင်မှုနဲ့ပတ်သက်ပြီး အွန်လိုင်းကနေ သင်တန်းလုပ်ဖို့ အစီအစဉ်ရှိတယ်ဆိုပြီး သူငယ်ချင်းတစ်ယောက်ထံမှ ကြားသိခဲ့ရပါတယ်။ အဲဒီသူငယ်ချင်းကလည်း ပထမတစ်ကြိမ် လုပ်ခဲ့တဲ့ အွန်လိုင်းသင်တန်းကို တက်ရောက်ခဲ့သူ ဖြစ်ပါတယ်။ အဲဒါနဲ့ ကျွန်မလည်း အဲဒီသင်တန်းကို တက်ဖို့ တာဝန်ရှိသူတွေထံ အကြောင်းကြားခဲ့ပြီး အဲဒီသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းကာလက (၁.၂.၂၀၂၁) ကနေ (၅.၂.၂၀၂၁)အထိ ဖြစ်ပါတယ်။ သင်တန်းကနေ ပို့ချပေးခဲ့တဲ့ အရာတွေက ကျွန်မအတွက် အင်မတန် အကျိုးရှိပြီး လက်တွေ့လုပ်ငန်းခွင်မှာ အသုံးဝင်တဲ့အရာတွေ ဖြစ်လာပါတယ်။ သင်ယူခဲ့ရတဲ့ ခေါင်းစဉ်တွေထဲမှာ ကျွန်မအကြိုက်ဆုံးက အိမ်တွင်းအစားအသောက်တွေကို ကျန်းမာရေးနဲ့ညီညွတ်အောင် ဘယ်လို ပြင်ဆင်ရမယ် ဆိုတဲ့ ဘာသာရပ်ပဲ ဖြစ်ပါတယ်။ စာတွေ့သင်ကြားပေးရုံသာမကဘဲ၊ အွန်လိုင်းကနေ ဗီဒီယိုအတိုလေးတွေနဲ့ပါ လက်တွေ့သင်ပေးလို့၊ ကျွန်မ အတွက် အင်မတန်မှ အကျိုးရှိပါတယ်။ သင်တန်းတက်ပြီး မကြာခင် ကျွန်မ အလုပ်ရခဲ့ပါတယ်။ အလုပ်ရတော့ လစဉ်ပုံမှန် လုပ်အားခအနေနဲ့ တစ်လ (၁၅၀၀၀၀)ကျပ် ရရှိပါတယ်။ ဒီငွေပမာဏက ကျွန်မမိသားစုအတွက် အထောက်အကူများစွာ ရရှိစေပါတယ်။ သူများတွေအတွက် အလုပ်ရဖို့ အခက်အခဲရှိနေချိန်မှာ ကျွန်မအတွက်တော့ လက်ရှိအချိန်အထိ အလုပ်ရှိနေဆဲ ဖြစ်ပါတယ်။ သင်တန်းကနေ ပို့ချပေးတဲ့ လက်တွေ့သင်ခန်းစာတွေကြောင့် လက်တွေ့လုပ်ငန်းခွင်မှာ လုပ်ကိုင်ရ လွယ်ကူချောမွေ့ပြီး၊ အိမ်ရှင်များနဲ့လည်း အဆင်ပြေခဲ့ပါတယ်။ သင်တန်းရဲ့ အကျိုးကျေးဇူးတွေကြောင့်ပဲ ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ အကြံပေးချင်တာကတော့ ကျွန်မတို့လို အိမ်အကူအလုပ်သမားတွေအနေနဲ့ အလုပ်လုပ်တော့မယ်ဆိုရင် အိမ်တွင်းဝန်ဆောင်မှုသင်တန်းကို တက်ရောက်သင်ယူထားခြင်းဖြင့်၊ လက်တွေ့လုပ်ငန်းခွင်မှာ အထောက်အကူများစွာ ရရှိမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် အိမ်တွင်းဝန်ဆောင်မှုသင်တန်းကို တက်ရောက်ဖို့ တိုက်တွန်းအားပေးလိုပါတယ်ရှင့်။




### ချိုချိုညွန့်

ကျွန်မ နာမည် ချိုချိုညွန့် ဖြစ်ပါတယ်။ အိမ်အကူ အလုပ်ကို လုပ်ကိုင်ခဲ့တာ နှစ်ပေါင်း (၃၂)နှစ် ရှိပါပြီ။ ကျွန်မရဲ့မွေးရပ်က စစ်ကိုင်းတိုင်း ဖြစ်ပါတယ်။ အခု ကျွန်မ အသက် (၅၈) နှစ်ရှိပါပြီ။ ကျွန်မက ပန်းနာရင်ကြပ်ရောဂါကို ခံစားနေရသူ ဖြစ်ပါတယ်။ ကျန်းမာရေးအခြေအနေကြောင့် အလုပ်ခဏနားထားရပါတယ်။ အလုပ်နားပြီး သိပ်မကြာခင်ပဲ၊ ကိုဗစ်ရောဂါကြီး ဖြစ်လာတဲ့အတွက် အခက်အခဲ ကြုံတွေ့ခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ ပန်းနာရင်ကြပ်ရောဂါကို ကုနေရတဲ့အတွက် ကျွန်မစုထားတဲ့ ပိုက်ဆံတွေလည်း သိပ်မကျန်တော့ပါဘူး။ အဲဒီအတွက် ကျွန်မရဲ့ စားဝတ်နေရေးက အခက်အခဲရှိခဲ့ပါတယ်။ ကျမမှာ မိသားစုဝင်လည်းမရှိ၊ သွားစရာနေရာလည်းမရှိတဲ့အတွက် ကိုဗစ်ကာလအတွင်း ခေတ္တတည်းခိုနေထိုင်ခွင့်ရဖို့ ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန် အမျိုးသမီးအဖွဲ့ (YKBWA) ထံ ခွင့်တောင်းခဲ့ပါတယ်။ တာဝန်ရှိသူများက ကျွန်မကိုနေထိုင်ခွင့် ပြုခဲ့ပါတယ်။ ကျွန်မကို ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ တာဝန်ရှိသူများမှ တစ်ဆင့် KBC နဲ့ ILO မှ ထောက်ပံ့ပေးတဲ့ ( Organizing Domestic workers and Covid-19 Response) ကိုဗစ်ကာလအတွင်း အိမ်အကူအလုပ်သမားတွေကို ပံ့ပိုးပေးတဲ့ လူမှုကာကွယ်စောင့်ရှောက်မှု အကူအညီကနေ ထောက်ပံ့ငွေကို ရရှိခဲ့ပါတယ်။ ဒီလို အခက်အခဲဖြစ်နေတဲ့အချိန်မှာ ကျွန်မအနေနဲ့ အတိုင်းမသိဝမ်းမြောက်မိပါတယ်။ ကျွန်မရဲ့ ဆေးဖိုးနဲ့ အစားအသောက်တွေအတွက် အထောက်အကူဖြစ်ခဲ့ပါတယ်။ ကိုဗစ်ဒုတိယလှိုင်းမှာပဲ နိုင်ငံရေးမငြိမ်မသက်ဖြစ်လာခဲ့တဲ့အတွက် ကျွန်မအနေနဲ့ ထပ်ပြီး စိတ်ညစ်ခဲ့ရပါတယ်။ အခုလိုအချိန်မှာ အလုပ်ရဖို့ အတော်ခက်ခဲတဲ့ကာလ ဖြစ်ပါတယ်။ အစားအသောက်အတွက် ခက်ခဲကျပ်တည်းလာပါတယ်။ ကိုယ်နေတဲ့ရပ်ကွက်၊ မြို့နယ်တွေမှာလည်း လုံခြုံမှု မရှိသလို ခံစားရပါတယ်။ အဲဒါကြောင့် ညီအစ်မအရင်းလို ရင်းနှီးတဲ့ အစ်မဆီ ဖုန်းဆက်ပြီး ကျွန်မအခက်အခဲကို ပြောပြခဲ့ပါတယ်။ အစ်မကလည်း ကျွန်မအတွက် နေဖို့ထိုင်ဖို့၊ စားဖို့သောက်ဖို့နဲ့ ဆေးဖိုးဝါးခများကို ထောက်ပံ့ပေးခဲ့ပါတယ်။ နောက်ဆုံးအနေနဲ့ အိမ်အကူအလုပ်သမားတွေကို အားပေးချင်တာကတော့ အခုလက်ရှိ အခြေအနေကြောင့် အလုပ်လက်မဲ့၊ စားဝတ်နေရေး ကျပ်တည်းမှုတွေအပေါ်မှာ စိတ်ဓါတ်မကျဖို့၊ အားမငယ်ဖို့နဲ့၊ ကြံ့ကြံ့ခံပြီး ရဲရဲဝံ့ဝံ့ ဖြတ်ကျော်ဖို့ အားပေးစကား ပြောလိုပါတယ်။

# ၆။ အဓိက ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများ

## ၆.၁။ အိမ်အကူအလုပ်သမားများအတွက် ကျွမ်းကျင်မှုသင်တန်းများ

*"အိမ်အကူအလုပ်သမားတွေအတွက် သင့်လျော်ကောင်းမွန်တဲ့အလုပ်အကိုင် ပံ့ပိုးဆောင်ရွက်ပေးတဲ့ အခါ သီးသန့် သင်တန်းသင်ရိုးညွှန်းတမ်းနဲ့ စည်းရုံးလှုံ့ဆော်ရေး အထောက်အကူပစ္စည်းတွေ ဖန်တီးပြုလုပ်တာနဲ့၊ ရှေ့ပြေးဆောင်ရွက်တာတွေအတွက် ILO နဲ့ ကျွန်မတို့ရဲ့ မိတ်ဖက်ပြုဆောင်ရွက်မှုက အဓိကကျတဲ့ နည်းလမ်းဖြစ်ခဲ့ပါတယ်။"* Three Good Spoons

**Three Good Spoons**



*License to Stir သင်တန်းသူများ ၂၀၂၀ ©Three Good Spoons*

မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်အကိုင်ကို အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းကို အထောက်အကူဖြစ်စေရန် Three Good Spoons အဖွဲ့သည် DIILM ၏ ငွေကြေးနှင့် နည်းပညာဆိုင်ရာပံ့ပိုးမှုဖြင့် “License to Stir” ငါးပတ်ကြာ သင်တန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၂၀ ဒီဇင်ဘာလအတွင်းတွင် ပြုလုပ်ခဲ့ပါသည်။

အိမ်အကူအလုပ်သမားများအတွက် ဤကျွမ်းကျင်မှု သင်တန်းကိုပြုလုပ်ပေးခြင်းဖြင့်၊ Three Good Spoons သည် မြန်မာအမျိုးသမီး အိမ်အကူ အလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ တည်မြဲရရှိစေရန် ကျွမ်းကျင်မှုနှင့် အသိပညာများ တိုးတက်ရန်အတွက် အခွင့်အလမ်းများ ဖြည့်ဆည်းပံ့ပိုးပေးခဲ့သည်။ ထို့အတူ သင့်လျော် ကောင်းမွန်သော အလုပ်အကိုင်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဘက် အကျိုးရှိမှုကို အိမ်အကူအလုပ်သမားနှင့် အလုပ်ရှင်ဖြစ်လာမည့်သူများ အကြား အသိအမြင်မြှင့်တင်ပေးခြင်းအပြင်၊ ကျွမ်းကျင်မှုနှင့် အသိပညာ ဆည်းပူးရယူမှုများမှ တစ်ဆင့် အိမ်အကူအလုပ်အကိုင်ကို အလုပ်အကိုင်တစ်ခုအဖြစ်အသိအမှတ်ပြုရေးကို မြှင့်တင်ဆောင်ရွက်ခဲ့သည်။

'License to Stir' သင်တန်းတွင် လိုအပ်သော တစ်ကိုယ်ရည်ကျန်းမာသန့်ရှင်းရေး၊ အာဟာရ၊ ချက်ပြုတ်ခြင်း၊ ငွေကြေးစီမံခန့်ခွဲမှု၊ ဆက်သွယ်ပြောဆိုမှု၊ အခြေခံ ကိုယ်ခံပညာ၊ ရှေးဦးသူနာပြု၊ အခြေခံအင်္ဂလိပ်စာ၊ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာအခြေခံမှုများ၊ ဥပဒေနှင့် မူဝါဒဆိုင်ရာ ခေါင်းစဉ်များပါဝင်သည့် သင်တန်းမော်ဂျူးငါးခု ပါဝင်ပါသည်။ သင်တန်းပေးရန်အတွက် Three Good Spoons သင်တန်းကျောင်းသည် အခြားအဖွဲ့အစည်းများနှင့်လည်း မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် လူမှုဖူလုံရေးနှင့်ပတ်သက်၍ သင်တန်းများပေးနေသော 'အနာဂတ်အလင်းတန်း ဆုံမှတ်အဖွဲ့ (FLC)'၊ သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် အလုပ်အကိုင်သဘောတူစာချုပ် စသည့် သဘောတရားများနှင့်ပတ်သက်၍ 'ILO'၊ ရှေးဦးသူနာပြုစုနည်းနှင့်ပတ်သက်၍ 'မြန်မာအရေးပေါ်ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း'၊ ကိုယ်ခံပညာနှင့်ပတ်သက်၍ 'ရန်ကုန်အမျိုးသမီးများကိုယ်ခံပညာအသင်း'၊ ငွေကြေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ 'Onow'၊ ဒီဂျစ်တယ်နည်းပညာနှင့်ပတ်သက်၍ 'Myanmar Book Preservation Society' တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လေ့လာရေးခရီးတိုအဖြစ် ကောင်းစွာစီမံခန့်ခွဲ၍ ဖွင့်လှစ်ထားသောလုပ်ငန်းတစ်ခုဖြစ်သည့် 'Yangon Bakehouse' သို့ သွားရောက်လေ့လာခဲ့သည်။ သင်တန်းတစ်ခုချင်းစီသည် သင်တန်းသူ အမျိုးသမီး ၆ ဦးမှ ၈ ဦးအထိ လက်ခံသင်ကြားပေးသည်။ သင်တန်းသူများသည် သင်တန်းကာလတွင် ရန်ကုန်၌ နေထိုင်ကြသူများဖြစ်ပြီး၊ အသက်အရွယ် ၁၈ နှစ်မှ ၄၀ နှစ်ကြားရှိကာ အိမ်အကူအလုပ်သမားများအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများရှိသလို အိမ်အကူအလုပ်လုပ်ကိုင်ရန် စိတ်ဝင်စားသူများလည်း ပါဝင်သည်။ သင်တန်း ၇ ကြိမ် ပြီးဆုံးချိန်တွင် သင်တန်းဆင်း ၅၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ သင်တန်းပြီးဆုံးပြီးနောက်၊ သင်တန်းဆင်းတစ်ဦး၏ အလုပ်ရှင်တစ်ဦးက ပြောဆိုသည်မှာ အလုပ်သမားသည် ကိုယ့်ကိုယ်ကိုယုံကြည်မှုပိုရှိလာသလို၊ ယုံကြည်စိတ်ချရပြီး ပို၍ ပျော်ရွှင်လာကြောင်းနှင့်၊ အလုပ်ရှင်နှင့် သဘောတူစာချုပ်ကို ညှိနှိုင်းချုပ်ဆိုလာနိုင်ကြောင်း ပြောဆိုပါသည်။

*"မမိုင်က ကျွန်မတို့အိမ်အတွက် အလုပ်လုပ်ပေးနေသူ တစ်ယောက်ပါ။ အားလပ်ရက် ကျွန်မတို့ ဥရောပဘက် ပြန်တဲ့အချိန် သူက သင်တန်းတစ်ခုတက်နေခဲ့တယ်။ ကျွန်မတို့ ပြန်ရောက်လာတော့ သူက ကျွန်မတို့နဲ့ ထိုင်ပြီး*

*အလုပ်သဘောတူစာချုပ်ကို ညှိညှိနှိုင်းနှိုင်းနဲ့ ပြန်ချုပ်ဖို့ပြောလာတယ်။ သူကြည့်ရတာ အရင်နဲ့ မတူတော့ဘူး။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိလာသလို ယုံကြည်စိတ်ချရပြီး၊ ပိုပြီးပျော်တဲ့ပုံ ပေါက်လာတယ်။ အလုပ်အကိုင်နဲ့ပတ်သက်ပြီး ပြောင်းလဲတောင်းဆိုလာတဲ့ အချက်လေးတွေက မျှတမှုရှိလို့ ကျွန်မက အလွယ်တကူပဲ သဘောတူခဲ့ပါတယ်။ ကျွန်မတို့ ခရီးမသွားခင်အချိန်ထိ သင်တန်းအကြောင်း များများစားစား သိပ်မသိဘူး။ ဒါပေမဲ့ နောက်တော့ သူ ကျွန်မကို Three Good Spoons အကြောင်း အကုန်ပြောပြတယ်။ တစ်ကယ့် အံ့မခန်း သင်တန်းကျောင်းပါပဲ။"* Three Good Spoons သင်တန်းဆင်းတစ်ဦး၏ အလုပ်ရှင်

အလုပ်ရှင်များ (မြန်မာနိုင်ငံသားရော၊ နိုင်ငံခြားသားအလုပ်ရှင်များပါ) အကြား ကျင့်ဝတ်နှင့်ကိုက်ညီသည့် လုပ်သားငှားရမ်းသည့် အလေ့အကျင့်ကောင်းများကို မြှင့်တင်ရန်၊ Three Good Spoons သည် အလုပ်ရှင်နှင့် အလုပ်သမားများ၏ တာဝန်ဝတ္တရားများအကြောင်းနှင့်ပတ်သက်၍ အသိအမြင်မြှင့်တင်ပေးရန်၊ အင်တာဗျူးအတွင်း မေးသင့်သည့် မေးခွန်းအမျိုးအစားများနှင့် ပေးရမည့် သတင်းအချက်အလက်များနှင့်ပတ်သက်၍ အလုပ်ရှင်ဖြစ်လာမည့်သူများအား အသိပညာပေးရန် အွန်လိုင်း ဖြည့်စွက်ရမည့်ဖောင်များ[3] ကို ပြုလုပ်ခဲ့ပါသည်။ သင့်လျော်ကောင်းမွန်သည့် အိမ်အကူအလုပ်အကိုင် ရှာဖွေခြင်းတွင် သင်တန်းဆင်းများအား ပံ့ပိုးပေးရန်၊ Three Good Spoons သင်တန်းကျောင်းသည် မျှော်မှန်းထားသည့် အလုပ်တာဝန်အသေးစိတ်၊ အလုပ်ချိန်၊ ခွင့်နှင့် လစာများ နှင့်ပတ်သက်၍ ပြည့်စုံစွာဖော်ပြထားသည့် အွန်လိုင်းဖောင်ကို ဖြည့်စွက်ပြီးသော အလုပ်ရှင်ဖြစ်လာမည့်သူများနှင့် ကနဦး ဆွေးနွေးမှုများ ပြုလုပ်ပါသည်။ ဖောင်တွင် ဖြည့်စွက်ထားသည့် အလုပ်ရှင်(အိမ်ရှင်)၏ အခြေအနေများသည် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် စံချိန်စံညွှန်းများနှင့် မကိုက်ညီပါက၊ Three Good Spoons သည် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်စံချိန်စံညွှန်းများအကြောင်းကို ပိုမို နားလည်သိမြင်စေရန် ဆွေးနွေးပြောဆိုမှု ပြုလုပ်ပါသည်။ ထိုအချိန်အတွင်း၊ အိမ်အကူသင်တန်းသားများ၏ ကျွမ်းကျင်မှုအမျိုးမျိုးနှင့် ပတ်သက်၍ ယုံကြည်မှုအဆင့်ကို အကဲဖြတ်ရန်၊ သင်တန်းသားများအနေဖြင့် သင်တန်းမတိုင်မီ၊ သင်တန်းတွင်းနှင့် သင်တန်းပြီးနောက် စစ်တမ်းများကို ဖြေဆိုရသည်။ သင်တန်းဆင်း ၅၁ ဦးတွင် ၂၃ ဦးသည် ယခင်က အိမ်အကူအလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများ ဖြစ်ပြီး၊ ၅ ဦးသည် စင်္ကာပူ၊ မလေးရှား (သို့မဟုတ်) ကူဝိတ်တွင် လုပ်ကိုင်ခဲ့ဖူးသူများ ဖြစ်သည်။ ဤသင်တန်းကို တက်ရသည့် ရည်ရွယ်ချက်အား မေးမြန်းသည့်အခါတွင်၊ အများစုက လစာကောင်းကောင်း ရရန်၊ မျှော်မှန်းလစာအနေဖြင့် ၂၅၀,၀၀၀ မှ ၄၀၀,၀၀၀ ကျပ် အကြားနှင့် အချိန်ပိုခ တစ်နာရီ ၃၀၀၀ မှ ၅၀၀၀ ကျပ်ကြား ရရှိရန် မျှော်မှန်းထားကြောင်းနှင့်၊ ကျွမ်းကျင်မှု သင်ယူချင်၍ ဖြစ်ကြောင်း ပြောဆိုကြသည်။ သင်တန်းပြီးဆုံးသည့် နောက်ပိုင်းတွင်၊ သင်တန်းဆင်း ၅၁ ဦးမှ ၂၂ ဦးသည် ရန်ကုန်၌ အိမ်အကူအလုပ်အကိုင်များ ရရှိကြသည်။ သင်တန်းဆင်း တစ်ဦးသည် ကျူတာ (နည်းပြ)အဖြစ် အလုပ်ရရှိပြီး၊ နောက်တစ်ဦးသည် Three Good Spoons သင်တန်းကျောင်းတွင် စားဖိုဆောင်အကူအဖြစ် အလုပ်ရရှိခဲ့သည်။ လက်ရှိတွင် ကျန်ရှိနေသည့် သင်တန်းဆင်း ၂၉ ဦးသည် အလုပ်အကိုင် ရှာဖွေလျက်ရှိသော်လည်း ကိုဗစ်နှင့် အာဏာသိမ်း အခြေအနေကြောင့် အခက်အခဲများ ကြုံတွေ့နေရသည်။

Three Good Spoons သည် သင်တန်းဆင်းများ အလုပ်အကိုင်အခြေအနေ၊ အလုပ် ရှာတွေ့/မတွေ့၊ အခက်အခဲရှိ/မရှိ၊ သဘောတူစာချုပ်တွင်ပါဝင်သည့် အချက်များနှင့်ကိုက်ညီစွာ လုပ်ကိုင်နိုင်မှုရှိ/မရှိ စသည်တို့ကိုစစ်ဆေးရန်အတွက် သင်တန်းဆင်း အိမ်အကူအလုပ်သမားများအား အချိန်ဇယားဖြင့် ဖုန်းခေါ်ဆိုမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ပြဿနာ အခက်အခဲများရှိပါက Three Good Spoons သည် အိမ်အကူအလုပ်သမားများအား၊ ပြဿနာဖြေရှင်းပုံနည်းလမ်းများ၊ (သို့မဟုတ်) အလုပ်ရှင်နှင့် ပြဿနာအကြောင်း ဆွေးနွေးအဖြေရှာခြင်း နည်းလမ်းများနှင့်ပတ်သက်၍ အကြံပြုလမ်းညွှန် ပေးခဲ့ပါသည်။

---

[3] အလုပ်ရှင်ဖြစ်လာမည့်သူများ ဖြည့်စွက်ရန်အတွက် အွန်လိုင်းဖောင်ကို ဤနေရာတွင် ရယူနိုင်ပါသည်။ https://docs.google.com/forms/d/e/1FAIpQLScPszy1A09t2rbZbwUTa5XnKRiDUxh8OHdxmL2UmdnaXKb50Q/viewform.

၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် License to stir သင်တန်းများ၏ ရလဒ်များအပေါ်အခြေခံ၍ သင်တန်းဆရာနှင့် သင်တန်းသားများအတွက် Licence to Stir သင်ရိုးညွှန်းတမ်းများကို ပြန်လည်ပြင်ဆင်၍၊ ၂၀၂၀ ခုနှစ်တွင် ကျောင်းသား/ သင်တန်းသား ဗဟိုပြုနည်းလမ်း၊ လူကြီးများသင်ယူမှုပုံစံ စသည်တို့နှင့်ပတ်သက်၍ အထူးကျွမ်းကျင် နည်းပြ ၅ ဦးက သင်တန်းပေးခဲ့သည်။ ကိုဗစ်နိုင်တင်း ကန့်သတ်ပိတ်ပင်မှု အပြည့်အဝ မပြုမီ၊ အဖွဲ့အနေဖြင့် အိမ်အကူအလုပ်သမားများ ကျွမ်းကျင်မှုနှင့်ပတ်သက်၍ ဆွေးနွေးမှုပုံစံ ဗီဒီယိုအတို[4] တစ်ခုကို ဖေ့စ်ဘွတ်စာမျက်နှာတွင် မြန်မာဘာသာဖြင့် စမ်းသပ်ထုတ်လွှင့်ခဲ့ပါသည်။ ဘာသာစကား နှစ်မျိုးဖြင့် ထုတ်လွှင့်သည့် ဝက်ဘ်ဆိုက်တွင် သင်ယူဖွယ် ဗီဒီယိုအတို ၄၀ ခုနှင့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင် လမ်းညွှန် ဗီဒီယို ၅ ခုအပါအဝင် ဒီဂျစ်တယ် သင်ယူလေ့လာဖွယ် အကြောင်းအရာများလည်း ဖော်ပြထားပါသည်။ ဗီဒီယိုများတွင် Licence to Stir သင်ရိုးညွှန်းတမ်းမှ အဓိက သင်ခန်းစာများနှင့် အကြောင်းအရာခေါင်းစဉ်များ ပါဝင်ပါသည်။ ဗီဒီယိုများကို Three Good Spoons ၏ ယူကျု (Youtube)[5] လိုင်းပေါ်တွင် တင်ထားပြီး၊ ဝက်ဘ်ဆိုက်[6] တွင်လည်း ထည့်သွင်း ဖော်ပြထားပါသည်။


ကိုဗစ်နိုင်တင်း ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်းပိုင်းဆိုင်ရာနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စိန်ခေါ်မှုများရှိသော်လည်း၊ Three Good Spoons သည် စီမံကိန်းတွင်ပါဝင်သည့် အခြားလုပ်ငန်းဆောင်ရွက်ချက်များကို ဆက်လက်အကောင်အထည်ဖော်ခဲ့ပါသည်။ အကောင်အထည်ဖော်သည့်လုပ်ငန်းများတွင် ၂၀၂၀ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် မြန်မာနိုင်ငံလူမှုစီးပွားလုပ်ငန်းများဖွံ့ဖြိုးရေးအသင်း (SEDAM) အစည်းအဝေး ဖိုရမ်တွင် "အိမ်အကူအလုပ်သမားများငှားရမ်းခေါ်ယူခြင်းနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများ လမ်းညွှန်ချက်" ကို တင်ပြခဲ့ခြင်း ပါဝင်ပါသည်။ Three Good Spoons သည် အိမ်အကူအလုပ်သမား ၁၂ ဦးကို ဒီဂျစ်တယ်နည်းပညာ အသုံးပြုနည်း အပါအဝင်၊ ဝေ့ဖ်မန်းနီး၊ ဖေ့စ်ဘွတ်၊ ဝက်စ်အပ် နှင့် ဗိုက်ဘာ အသုံးပြုနည်းများနှင့်ပတ်သက်၍ အွန်လိုင်းသင်တန်း ပေးခဲ့ပါသည်။ ထို့အပြင် Three Good Spoons သည် Licence to Stir သင်တန်းနှင့် အခြားသင်တန်းများတွင် တက်ရောက်ပြီးခဲ့သည့် ယခင်သင်တန်းသားများအပေါ် ကိုဗစ်နိုင်တင်း သက်ရောက်မှုနှင့်ပတ်သက်၍ ၂၀၂၀ ဧပြီလတွင် အချက်အလက်များ ကောက်ယူခဲ့သည်။ မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ဖြေဆိုသူ ၈၄ ဦးသည် တယ်လီဖုန်းစစ်တမ်းတွင် ပါဝင်ဖြေဆိုပေးခဲ့သည်။ ဖြေဆိုသူအများစု (၉၂ ရာခိုင်နှုန်း) သည် နိုင်ငံခြားသားအိမ်ထောင်စုများအတွက် လုပ်ကိုင်ပေးနေကြသူများဖြစ်သည်။ ဖြေဆိုသူအများစု (၇၅ ရာခိုင်နှုန်း) သည် ကိုဗစ်ရောဂါကြောင့် အလုပ်အကိုင်တွင် ပြောင်းလဲမှုများ မကြုံတွေ့ခဲ့ရသော်လည်း၊ အနည်းစု (၁၇.၁ ရာခိုင်နှုန်း) သည် ကိုဗစ်နိုင်တင်းကြောင့် အလုပ်အကိုင်ဆုံးရှုံးခဲ့ရသည်ဟုဆိုသည် (ပုံ ၁ ကို ကြည့်ရှုပါ)။

[4] မြန်မာဘာသာဖြင့် ဖေ့စ်ဘွတ်စာမျက်နှာတွင်ထုတ်လွှင့်ထားသော အိမ်အကူအလုပ်သမားများ ကျွမ်းကျင်မှုနှင့်ပတ်သက်၍ ဆွေးနွေးမှုပုံစံ ဗီဒီယိုအတိုကို ဤလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ https://www.facebook.com/watch/?v=998892343873964.

[5] Three Good Spoons' Youtube channel: https://www.youtube.com/playlist?list=PLRxI_VLz8i8wXYOdTroM39LMRyThraZd

[6] Three Good Spoons' website: https://threegoodspoons.com/

**ပုံ ၁၊ ကိုဗစ်နိုင်တင်း ရောဂါကြောင့် စစ်တမ်းဖြေဆိုသူများ၏ အလုပ်အကိုင်အပေါ် ပြောင်းလဲသက်ရောက်မှုများ၊**




*ရင်းမြစ် - Three Good Spoons ကပြုလုပ်သည့် တယ်လီဖုန်းစစ်တမ်း၊ ၂၀၂၀*




စီမံကိန်းကာလအတွင်း Three Good Spoons သည် "သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဖြစ်ပေါ်ရေး၊ ပံ့ပိုး ဆောင်ရွက်ပေး (Raise your hand for decent work)" ကမ်ပိန်းကို ဖေ့စ်ဘွတ်လူမှုမီဒီယာတွင် စီစဉ်ပြုလုပ်ခဲ့သည့် အပြင် အိမ်အကူအလုပ်အကိုင်၏တန်ဖိုးနှင့် အိမ်အကူအလုပ် သမားများ၏ကျွမ်းကျင်မှုအား အသိအမှတ်ပြုခြင်းကို မြှင့်တင် ရန် အများပြည်သူစည်းရုံးလှုံ့ဆော်ရေးအခမ်းအနားများတွင် ပါဝင်ခဲ့သည့်အပြင်၊ မူဝါဒရေးဆွဲချမှတ်သူများနှင့် အစည်းအဝေးများတွင်လည်း တက်ရောက်ပါဝင်ခဲ့သည်။ ထို့အပြင် Three Good Spoons သည် အိမ်အကူအလုပ်အကိုင်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများကို စစ်ဆေးတိုင်းတာခြင်း ရည်မှန်းချက်နှင့် တန်ဖိုး၊ ကျွမ်းကျင်မှုသင်တန်းနှင့် တရားဝင်အသိအမှတ်ပြုခြင်းမှတစ်ဆင့် အကျိုးကျေးဇူးရရှိလာမည့် တရားဝင်အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြုရေးများနှင့်ပတ်သက်၍ အိမ်အကူအလုပ်သမားဆိုင်ရာ ဥပဒေမူကြမ်းကို ရေးဆွဲပြုစုနေသော လွှတ်တော်အမတ်များသို့ ဆွေးနွေးတင်ပြခဲ့ပါသည်။

အိမ်အကူအလုပ်သမားသင်တန်းဆင်းများ၏ အောင်မြင်မှုအတွက် အခမ်းအနားပြုလုပ်ကျင်းပရန်နှင့်၊ တစ်ချိန်တည်းမှာပင် ပြည့်စုံကောင်းမွန်သော မူဝါဒကာကွယ်စောင့်ရှောက်မှုအတွက် လိုအပ်ချက်များနှင့်ပတ်သက်၍ အသိအမြင်မြှင့်တင်ပေးရန်၊ သင်တန်းဆင်း တစ်သုတ်ခြင်း/အတန်းတစ်တန်းခြင်းအတွက် အစိုးရ (သို့မဟုတ်) ပုဂ္ဂလိက သင်တန်းဆင်းပွဲအခမ်းအနားများကို ပြုလုပ်ကျင်းပခဲ့သည်။ ပထမအကြိမ် သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၁၉ ဇွန်လတွင် DIILM စီမံကိန်းက စီစဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့အခမ်းအနားတွင် ကျင်းပပြုလုပ်ခဲ့သည်။ အသိအမှတ်ပြုလက်မှတ်များကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၏ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်၏ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌတို့က အလုပ်သမား ၆၅၀ ခန့်နှင့် ပံ့ပိုးဆောင်ရွက်သူနှင့် တက်ရောက်လာသူ ပရိတ်သတ်များစွာရှေ့မှောက်တွင် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ အခမ်းအနားပွဲကို မီဒီယာများစွာတွင် ဖော်ပြခဲ့ကြသည်။ သင်တန်းအားလုံးပြီးဆုံးချိန်တွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ပူးတွဲ အခမ်းအနားတစ်ခု ပြုလုပ်ကျင်းပခဲ့ပြီး၊ သင်တန်းဆင်း ၅၁ ဦးအနက်မှ ၃၉ ဦး တက်ရောက် ခဲ့ကြသည်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားရေးရာကော်မတီနှင့်

အမျိုးသားလွှတ်တော်၏ ပညာရေးမြှင့်တင်ရေးကော်မတီတို့မှ ကိုယ်စားလှယ်များက အသိအမှတ်ပြုလက်မှတ်များနှင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း စကားများပြောဆိုခဲ့ပါသည်။

**စာအကွက် ၁ - အိမ်အကူအလုပ်သမားများအတွက် License to Stir သင်တန်းအစုစု၏ အဓိကအောင်မြင်မှုများ**

၁။ အိမ်အကူအလုပ်သမားများ၏ ကျွမ်းကျင်မှု၊ အသိပညာနှင့်၊ အရည်အချင်းများတိုးတက်ရေးအတွက် သင်တန်းဆရာ လက်စွဲ၊ သင်တန်းသားလက်စွဲနှင့် သက်ဆိုင်ရာသင်တန်းလှုပ်ရှားမှုများ၊ အထောက်အကူပစ္စည်းများပါဝင်သည့် **နာရီ ၁၁၀ စာ ပြည့်စုံကောင်းမွန်သည့် ဘာသာစကားနှစ်မျိုးပါဝင်သည့် သင်ရိုးညွှန်းတမ်း**။

၂။ **သင်တန်း ၇ ကြိမ်နှင့်အတူ၊ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် သင်တန်းဆင်း ၅၁ ဦး**ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး၊ ဤအထဲမှ ၂၂ ဦးသည် ကောင်းမွန်သောလုပ်ငန်းခွင်အခြေအနေများဖြင့် အိမ်အကူလုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင်များရရှိခဲ့သည်။ ဤအထဲမှ တစ်ဦးသည် ပညာရေးကဏ္ဍတွင် အလုပ်ရရှိကာ၊ တစ်ဦးသည် Three Good Spoons သင်တန်းကျောင်းတွင် အလုပ်ရရှိပြီး၊ သင်တန်းဆင်းသူအားလုံးအနေဖြင့် အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကျွမ်းကျင်မှုများရရှိပြီး လိုအပ်ချက်များကို ပြင်ဆင်နိုင်ခဲ့ကြသည်။

၃။ ကျွမ်းကျင်မှုသင်တန်းများနှင့် အိမ်အကူအလုပ်အကိုင်အား အလုပ်အကိုင်တစ်ခုအဖြစ်သတ်မှတ် ဖန်တီးပေးရေးတို့ကို စည်းရုံးလှုံ့ဆော်ရန် အိမ်အကူအလုပ်သမားဥပဒေမူကြမ်းရေးဆွဲနေသော **မြန်မာလွှတ်တော်အမတ်များ**ကို သင်တန်း ရည်ရွယ်ချက်များတင်ပြခြင်းနှင့် ချဥ်းကပ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။

၄။ အလုပ်အကိုင်သဘောတူစာချုပ်နှင့် ILO အိမ်အကူအလုပ်သမား ပြဋ္ဌာန်းချက် ၂၀၁၁၊ အမှတ် (၁၈၉) ပါအချက်များကို စံနမူနာယူ၍၊ သင့်လျော်သည့် အလုပ်ချိန်နာရီနှင့် သတ်မှတ်ချက်များကို သုံးသပ်တွက်ချက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကဲ့သို့ လက်တွေ့ကျသော သတင်းအချက်အလက်များနှင့် ပုံစံများအား အိမ်ရှင်များအတွက် ဖြည့်ဆည်းပေးရန်၊ **အိမ်အကူအလုပ်သမားငှားရမ်းခေါ်ယူခြင်းဆိုင်ရာ ကောင်းမွန်သည့်အလေ့အကျင့်များလမ်းညွှန်ချက်**ကို ထုတ်ဝေခြင်း။

၅။ အခြေခံအသိပညာများ ကူညီ မျှဝေပေးနိုင်ရန် ယူကျု (Youtube) တွင် အခမဲ့လေ့လာနိုင်သော အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် **သင်ကြားရေးဆိုင်ရာ သင်တန်းနှင့် ခေါင်းစဉ် ဗီဒီယိုတိုများ**ကို ပြုလုပ်ထားခြင်း။

၆။ ဖေ့စ်ဘွတ်ပေါ်တွင် ပြုလုပ်သည့် "**သင့်လျော် ကောင်းမွန်သည့် အလုပ်အကိုင်ဖြစ်ပေါ်ရေး၊ ပံ့ပိုးဆောင်ရွက်ပေး (Raise your hand for decent work)**" ကမ်ပိန်းသည် ပရိတ်သတ် (follower) ပေါင်း ၁၆၀၀၀ ကို ဆွဲဆောင်နိုင်ခဲ့ကာ၊ မျှတပြီး၊ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခြေအနေများဖြစ်ပေါ်ရေးအတွက် လူသားတစ်ဦးကဲ့သို့ အိမ်အကူ အလုပ်သမားများ၏အခွင့်အရေးနှင့်ပတ်သက်၍ အသိအမြင်မြှင့်တင်ပေးနိုင်ခဲ့သည်။

## ၆.၂။ အိမ်အကူအလုပ်သမားများနှင့် ၎င်းတို့၏ ရပ်ရွာလူထုအတွက် အသိအမြင်မြှင့်တင်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ကွန်ရက်ချိတ်ဆက်ပေးခြင်း ဆောင်ရွက်ချက်များ၊

ဒေသအမျိုးမျိုးရှိ အိမ်အကူအလုပ်သမားများကို ပံ့ပိုးကူညီပေးနိုင်ရန်နှင့် စွမ်းဆောင်ရည်ရှိလာသော အိမ်အကူအလုပ်သမား အရေအတွက် တိုးပွားလာစေရန်၊ DIILM စီမံကိန်းသည် သတင်းအချက်အလက်ပေးရန်၊ သင်တန်းနှင့် ဝန်ဆောင်မှုပေးရန်၊ ခေါင်းဆောင်မှု တိုးတက်စေရန်၊ အိမ်အကူအလုပ်သမားအဖွဲ့ (သို့မဟုတ်) ကွန်ရက်တစ်ခု ပေါ်ပေါက်ရေး ပံ့ပိုးပေးရန် ပြည်တွင်းအဖွဲ့အစည်း သုံးဖွဲ့ (KBC ၊ Girl Determined နှင့် နေဝန်းနီ) နှင့် လုပ်ငန်းအကောင်အထည်ဖော်ရေး သဘောတူစာချုပ်များ ချုပ်ဆိုခဲ့သည်။

**ကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) ၏ အမျိုးသမီးဌာန**

အိမ်အကူအလုပ်သမားများ၊ အလုပ်ရှင်များ၊ ဒေသခံခေါင်းဆောင်များနှင့် တိုးတက်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်း၊ အိမ်အကူအလုပ်၏ ကျွမ်းကျင်မှုနှင့်တန်ဖိုး၊ အလုပ်သမားအခွင့်အရေး ပြဿနာများနှင့် ပတ်သက်၍ အသိအမြင်မြှင့်တင်ပေးရန် အိမ်အကူအလုပ်သမားများအား ရာစုနှစ်တစ်ခုတာ အစဉ်အလာမပြတ် ပံ့ပိုးကူညီမှုနှင့် ဘေးကင်းလုံခြုံသည့် အလုပ်အကိုင်များဖြစ်ပေါ်ရေး ကူညီပေးနေသော KBC ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ် မတ်လအထိ KBC ၏ အမျိုးသမီးဌာနသည် အသိအမြင်မြှင့်တင်ပေးခြင်း သင်တန်းများကို ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပြုလုပ်ခဲ့ပြီး၊ အိမ်အကူအလုပ်သမား ၃၅၆ ဦး (အမျိုးသမီး ၂၉၄ ဦးနှင့် အမျိုးသား ၆၂ ဦး)နှင့် ဒေသခံခေါင်းဆောင် ၂၈၅ ဦး (အမျိုးသမီး ၂၄၇ ဦးနှင့် အမျိုးသား ၃၈ ဦး) အတွက် သင်တန်းပေးနိုင်ခဲ့သည်။ ဒေသခံခေါင်းဆောင်များအနေဖြင့် အိမ်အကူအလုပ်သမားများနှင့်ရော၊ အလုပ်ရှင်များနှင့်ပါ ဆက်သွယ်နိုင်ပြီး၊ ဒေသခံအကူအညီများ ပေးနိုင်သောကြောင့် ၎င်းတို့အား ပို၍ အလေးထား ပံ့ပိုးပေးခဲ့ခြင်း ဖြစ်သည်။ သင်တန်းသားအများစုသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များဖြစ်ပြီး အသက် ၁၄ နှစ်မှ ၅၀ နှစ်ကြား ရှိသူများဖြစ်သည်။ အိမ်အကူအလုပ်သမားအများစုသည် ရန်ကုန်နှင့် ပုသိမ်တွင် အများစု လုပ်ကိုင်ခဲ့ဖူးသူများ ဖြစ်ပြီး၊ အနည်းစုသာလျှင် စင်္ကာပူနှင့် ထိုင်းနိုင်ငံတွင် လုပ်ကိုင်ခဲ့ဖူးကြသည်။

အစဉ်အလာအားဖြင့် KBC သည် အိမ်အကူအလုပ်သမားများအား အိမ်အကူအလုပ်အကိုင်နှင့်ပတ်သက်၍ အခြေခံကျွမ်းကျင်မှုများကို သင်ယူရန် လက်တွေ့ကျသည့် ပံ့ပိုးမှုများ ဖြည့်ဆည်းပေးပြီး၊ အသိအမြင်မြှင့်တင်ပေးသည့် သင်တန်းများသည် အလုပ်သမားများအား စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ အလုပ်ရှင်များနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ပြောဆိုခြင်းစသည့် ပြောဆိုဆက်ဆံရေးကျွမ်းကျင်မှုများ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ဂရုစိုက်မှုတို့ကို ရည်ရွယ်ပါသည်။

၂၀၁၉ ခုနှစ်တွင် KBC သည် အိမ်အကူသင်တန်းသား ငါးဦးအား သဲလိုဂေဟာ၌ စက်ချုပ်သင်တန်းတက်ရောက်နိုင်ရန် ပံ့ပိုးကူညီပေးခဲ့သည်။ သင်တန်းသား ငါးဦးအနက်မှ တစ်ဦးသည် သူမ၏ရွာတွင် စက်ချုပ်ဆိုင် အသေးစားတစ်ခုကို ထူထောင်နိုင်ခဲ့ပြီး ပုံမှန်ဝင်ငွေ ရှာဖွေနေနိုင်ပြီ ဖြစ်သည်။[7] နောက်တစ်ဦးသည် လက်ရှိတွင် နှာခေါင်းစည်းချုပ်သော အသေးစားလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေပြီး၊ နောက်တစ်ဦးသည် သဲလိုဂေဟာတွင် စက်ချုပ်သင်တန်းဆရာမအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ကျန်သည့် နှစ်ဦးသည် ကိုဗစ်နိုင်တင်း ပထမလှိုင်းကြောင့် အခက်အခဲများကြုံတွေ့ပြီး သင်တန်းပြီးသည်နှင့် ရွာသို့ ပြန်သွားခဲ့ကြသည်။

---

[7] သူမ၏ အောင်မြင်မှုအကြောင်းကို အခန်း ၅ တွင်ဖော်ပြထားပါသည်။

ကိုဗစ်နိုင်တင်း ကန့်သတ်တားမြစ်မှုများကြောင့် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တွင် မူလ စီစဉ်ထားသလို လူတွေ့သင်တန်းပေးခြင်းနှင့် သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် မဖြစ်နိုင်ခဲ့ပါ။ ထို့ကြောင့် KBC သည် သင်တန်းပါခေါင်းစဉ်များကို ပြန်ညှိ၍ ပေါင်းစပ်နည်းအသုံးပြုကာ အိပ်ခန်းဆောင်ထိန်းသိမ်းခြင်းသင်တန်းကို ပြုလုပ်ခဲ့ပါသည်။ သင်တန်းကို ဇွန်းမ် (Zoom) မှတစ်ဆင့် စာတွေ့၄ ရက်ပြုလုပ်ပြီး၊ သင်တန်းကျောင်းတွင် လက်တွေ့၁ ရက် ပြုလုပ်ပေးခဲ့သည်။ အိမ်အကူ အလုပ်သမားများအတွက် ဖေ့စ်ဘွတ်တွင် သီးသန့်အုပ်စုဖွဲ့ပေးခဲ့ပြီး သင်ခန်းစာဗီဒီယိုအတိုများကို ပြုလုပ်ဝေမျှပေးခဲ့သည်။ ဗီဒီယိုအတိုများကို ၎င်းတို့ အားလပ်ချိန် (သို့မဟုတ်) အလုပ်နားချိန်များတွင် ကြည့်ရှုနိုင်ကြသည်။ ဤနည်းလမ်းများကို အသုံးပြု၍ အမျိုးသမီး အိမ်အကူအလုပ်သမား စုစုပေါင်း ၃၀ ဦးကို သင်တန်းပေးနိုင်ခဲ့သည်။

ထို့အပြင် KBC သည် Zoom မှတစ်ဆင့် အိမ်အကူအလုပ်သမား ၃၀ (အမျိုးသမီး ၂၈ ဦးနှင့် အမျိုးသား ၂ ဦး) အတွက် မိမိကိုယ်မိမိ ဂရုပြုစောင့်ရှောက်ခြင်းကို ၂ ရက်တာ သင်တန်းပေးခဲ့သည်။ သင်တန်းတွင် အိမ်အကူအလုပ်သမားများအား စိတ်ဖိစီးမှု စီမံထိန်းချုပ်နည်း၊ ကပ်ရောဂါကာလအတွင်း ကျန်းမာအောင်နေနည်းနှင့် အာဟာရပြည့်ဝစွာ စားသောက်နည်း၊ ကပ်ရောဂါကာလအတွင်းနှင့်၊ အာဏာသိမ်းပြီးနောက်ပိုင်း စိတ်ဖိစီးမှုနှင့် အကြမ်းဖက်သည့်ဝန်းကျင်တွင် ကိုယ်နှင့်စိတ် ကျန်းမာအောင် ဂရုပြုနေနည်းများနှင့်ပတ်သက်၍ သင်ကြားပေးခဲ့သည်။

KBC ၏လုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်ခဲ့သော အိမ်အကူအလုပ်သမားများသည် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ် ရှိနေစေရန်နှင့် အချင်းချင်းပံ့ပိုးကူညီရန် ဗိုက်ဘာ (Viber) တွင် အဖွဲ့ဖွဲ့၍ ဆက်သွယ်ပြောဆိုနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ကိုဗစ်နိုင်တင်း ဒုတိယလှိုင်းအတွင်း KBC သည် ဧရာဝတီတိုင်းဒေသကြီးရှိ ရွာ ၄ ရွာ၌ အခြေခံ စားသောက်ကုန်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့သည့်အပြင်၊ ကိုဗစ်နိုင်တင်းဗဟုသုတနှင့် ကာကွယ်စောင့်ရှောက်ရေး သတင်းအချက်အလက်များကိုလည်း ဖြည့်ဆည်းပေးခဲ့ပါသည်။ ဤရွာများသည် အိမ်အကူ အလုပ်သမားနှင့် ရွှေ့ပြောင်းလုပ်သားများစွာ ထွက်ပေါ်သည့် ရွာများဖြစ်သည်။ သို့သော် အခြားမည်သည့် အဖွဲ့အစည်းကမျှ အထောက်အပံ့များ ပေးခဲ့ခြင်း မရှိပါ။ ကျေးရွာသား ၂၆၁၁ ဦးကို အကူအညီများပေးနိုင်ခဲ့ပြီး၊ ဤအထဲမှ ၂၅၀ ဦးသည် အိမ်အကူအလုပ်သမားများဖြစ်ပြီး၊ ၃၂၆ ဦးသည် ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ကြသည်။

ကပ်ရောဂါနှင့် အာဏာသိမ်းမှုများကြောင့် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ လစာဖြတ်တောက်ခံရခြင်းနှင့် ငွေကြေးအခက်အခဲ အကျပ်အတည်း ရင်ဆိုင်နေရသော အိမ်အကူအလုပ်သမားများ (အမျိုးသမီး ၃၉ ဦးနှင့် အမျိုးသား ၂ ဦး) ကို KBC က အရေးပေါ် ငွေကြေးအကူအညီ ပံ့ပိုးပေးခဲ့သည်။ ငွေကြေးပံ့ပိုးမှုကြောင့် ငွေလက်ခံရရှိသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် အပါဝင် မိသားစုဝင်များ အတွက်ပါ၊ အစားအသောက်ဝယ်ယူခြင်း၊ အိမ်ငှားခပေးနိုင်ခြင်း၊ ဝင်ငွေရှာဖွေရန် အသေးစား လုပ်ငန်းငယ် စတင်ခြင်း (သို့မဟုတ်) ဆေးဝါးကုသစောင့်ရှောက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့အပြင် KBC သည် အိမ်အကူအလုပ်သမားများ၏အခွင့်အရေးအတွက် တရားဥပဒေပိုင်းနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး တိုးတက်စေရန်နှင့် အိမ်အကူအလုပ်သမားဥပဒေမူကြမ်းအတွက် အကြံပြုချက်များစွာ ပေးနိုင်ရန် လွှတ်တော်အမတ်များ၊ CSO နှင့် အလုပ်သမားအဖွဲ့အစည်းကွန်ရက်[8] များပါဝင်သည့် အဆင့်မြင့် ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်ခြင်းအပြင်၊ စည်းရုံးလှုံ့ဆော်မှုနှင့် ပွဲအမျိုးမျိုးတွင် အိမ်အကူအလုပ်သမားများ၏ အခွင့်အရေးကို တက်ကြွစွာ မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။ မတ်လတွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၊ ဇွန်လတွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့ နှင့် ဒီဇင်ဘာလတွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့ တို့ကို ကျင်းပရန် စည်းရုံးလှုံ့ဆော်ရေးပွဲများတွင် သတင်းအချက်အလက်ပေးသည့် နေရာလေးများကိုလည်း ခင်းကျင်းနိုင်ခဲ့ပါသည်။ KBC သည် C189

[8] မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားကွန်ရက်၊ အိမ်အကူအလုပ်သမားများအား ဥပဒေကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ KBC သည် ဤကွန်ရက်အဖွဲ့နှစ်ခုစလုံး၏ အဖွဲ့ဝင်ဖြစ်သည်။

ကာတွန်းစာအုပ်ငယ်ကို ကရင်ဘာသာစကားသို့ ပြန်ဆိုရေးသားခဲ့ပြီး၊ အများပြည်သူဆိုင်ရာ အခမ်းအနားပွဲများနှင့် ရပ်ရွာလူထုအတွင်းပြုလုပ်သည့် အသိအမြင်မြှင့်တင်ပေးခြင်း သင်တန်းများတွင် ၎င်း၏ အသင်းတော်ကွန်ရက် အဖွဲ့ဝင်များအကြား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခဲ့သည်။

**စာအကွက် ၂ - အိမ်အကူအလုပ်သမားများနှင့် ၎င်းတို့၏ရပ်ရွာလူထုအတွက် KBC အမျိုးသမီးဌာန လုပ်ငန်းဆောင်ရွက်ချက်များ၏ အဓိက အောင်မြင်မှုများ၊**

၁။ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အိမ်အကူအလုပ်သမား ၃၅၆ ဦး (အမျိုးသမီး ၂၉၄ ဦး၊ အမျိုးသား ၆၂ ဦး) နှင့် ဒေသခံခေါင်းဆောင် ၂၈၅ ဦး (အမျိုးသမီး ၂၄၇ ဦး၊ အမျိုးသား ၃၈ ဦး) တို့ကို **ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်း သွားလာခြင်း၊ အိမ်အကူအလုပ်အကိုင်၏ ကျွမ်းကျင်မှုနှင့် တန်ဖိုး၊ အလုပ်သမားအခွင့်အရေးနှင့် ပြဿနာများနှင့်ပတ်သက်၍ အသိအမြင် မြှင့်တင်ပေးခြင်း။**

၂။ သဲလိုဂေဟာတွင် **စက်ချုပ်သင်တန်း**တက်ရန် အမျိုးသမီး အိမ်အကူအလုပ်သမား ၅ ဦးကို ပံ့ပိုးပေးခဲ့ခြင်း၊ ထို ၅ ဦး အနက်မှ ၃ ဦးသည် စက်ချုပ်ခြင်းနှင့်ပတ်သက်၍ အလုပ်အကိုင်ရရှိခဲ့ပြီး၊ ပုံမှန်ဝင်ငွေ ရှာဖွေနေနိုင်ပြီဖြစ်သည်။

၃။ အမျိုးသမီး အိမ်အကူအလုပ်သမား ၃၀ ဦးအတွက် **အွန်လိုင်းနှင့် လူတွေ့ လက်တွေ့သင်ကြားပေးသော အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းများ**ပေးခဲ့ခြင်းနှင့်၊ ကပ်ရောဂါကာလအတွင်းနှင့် အာဏာသိမ်းပြီး နောက်ပိုင်း စိတ်ဖိစီးမှုနှင့် အကြမ်းဖက်မှုရှိသော ဝန်းကျင်တွင် စိတ်ဖိစီးမှု စီမံထိန်းချုပ်နည်းနှင့် ကိုယ်စိတ်ကျန်းမာရေး ဂရုပြုစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ အိမ်အကူအလုပ်သမား ၃၀ ဦး (အမျိုးသမီး ၂၈ ဦးနှင့် အမျိုးသား ၂ ဦး) အတွက် **မိမိကိုယ်မိမိ ဂရုပြုစောင့်ရှောက်ခြင်းဆိုင်ရာ အွန်လိုင်းသင်တန်း**ပေးခဲ့ခြင်း။

၄။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ ၄ ရွာတွင် ရွာသူ/ရွာသား ၂၆၁၁ ဦးကို **အစားအစာများပံ့ပိုးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းများနှင့် ကိုဗစ်နိုင်တင်း ကာကွယ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ** ပေးခဲ့ခြင်း၊ ၂၆၁၁ ဦး အနက်မှ ၂၅၀ ဦးသည် အိမ်အကူအလုပ်သမားများဖြစ်ပြီး၊ ၃၂၆ ဦးသည် ရွှေ့ပြောင်းအလုပ်သမားများဖြစ်သည်။

၅။ ကပ်ရောဂါနှင့် အာဏာသိမ်းမှုများကြောင့် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ လစာဖြတ်တောက်ခံရခြင်းနှင့် ငွေကြေးအခက်အခဲ အကျပ်အတည်း ရင်ဆိုင်နေရသော အိမ်အကူအလုပ်သမားများ (အမျိုးသမီး ၃၉ ဦးနှင့် အမျိုးသား ၂ ဦး) ကို KBC က **အရေးပေါ် ငွေကြေးအကူအညီ** ပံ့ပိုးပေးခဲ့သည်။ ငွေကြေးပံ့ပိုးမှုကြောင့် ငွေလက်ခံရရှိသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် အပါဝင် မိသားစုဝင် များအတွက်ပါ၊ အစားအသောက်ဝယ်ယူခြင်း၊ အိမ်ငှားခပေးနိုင်ခြင်း၊ ဝင်ငွေရှာဖွေရန် အသေးစားလုပ်ငန်းငယ်စတင်ခြင်း (သို့မဟုတ်) ဆေးဝါးကုသ စောင့်ရှောက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

၆။ အိမ်အကူအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရန် အမျိုးသားဥပဒေမူကြမ်းရေးဆွဲသည့် **လွှတ်တော်အမတ်များ အပါအဝင်၊ ပါဝင်သက်ဆိုင်သူများအား အိမ်အကူအလုပ်သမား အခွင့်အရေးများ** နှင့်ပတ်သက်၍ တက်ကြွစွာ စည်းရုံးမြှင့်တင်ဆောင်ရွက်ပေးခြင်း။

## နေဝန်းနီ ကျေးလက်ဒေသ လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း

နေဝန်းနီသည် အိမ်အကူအလုပ်သမားအများအပြားထွက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံများစွာ ရှိသည်။ မော်ကျွန်းနှင့် မော်လမြိုင်ကျွန်း မြို့နယ်များရှိ ကျေးရွာ ၂၀ တွင်ရှိသော အိမ်အကူအလုပ်သမား လုပ်ကိုင်လိုသူများနှင့် လက်ရှိလုပ်ကိုင်နေသူများ အတွက် ၎င်းတို့ရှိရာ ကျေးရွာသို့ သွားရောက်ကူညီပေးခြင်း၊ အသိအမြင်မြှင့်တင်ပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းများ ပြုလုပ်နိုင်ရန် DIILM စီမံကိန်းသည် နေဝန်းနီကို ပံ့ပိုးကူညီပေးခဲ့သည်။

စီမံကိန်း အကောင်အထည်ဖော်သည့် ကနဦးကာလတွင်၊ နေဝန်းနီသည် ရပ်ရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခေါင်းဆောင်များ၊ အိမ်အကူအလုပ်သမားမိသားစုများနှင့် ပူးပေါင်း၍ ၎င်းတို့၏ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို နားလည်ရန် မော်ကျွန်းမြို့နယ်ရှိ ကျေးရွာ ၂၀ တွင်ရှိသော အမျိုးသမီးအိမ်အကူအလုပ်သမား ၁၅၉ ဦးအား စစ်တမ်းကောက်ယူခဲ့ပါသည်။ စီမံကိန်းကာလတွင်၊ မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်နိုင်တင်းကာလအတွင်း တစ်ဦးနှင့်တစ်ဦး အလှမ်းခွာနေထိုင်ခြင်း စည်းကမ်းများနှင့်အညီ အိမ်အကူအလုပ်သမားများအတွက် အသိအမြင်မြှင့်တင်ပေးခြင်းအလုပ်ရုံဆွေးနွေးပွဲများနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း သင်တန်းများကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ ထိုရပ်ရွာဒေသများတွင် ပထမဆုံးအကြိမ် ပြုလုပ်ခဲ့သည့် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ဒေသခံ ကျေးလက်ပြည်သူများနှင့် ဒေသခံအာဏာပိုင်များက အထူးကျေးဇူးတင်ရှိပြီး ကောင်းစွာ လက်ခံသင်ယူကြသည်။ ဒေသခံ CSO အဖွဲ့များမှ ရှေ့နေများနှင့် ပူးပေါင်းသင်ကြားပေးသော အလုပ်သမားဥပဒေ၊ သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့်ပတ်သက်သည့် သုံးရက်တာ သင်တန်းများကို အမျိုးသမီးအိမ်အကူအလုပ်သမား စုစုပေါင်း ၂၁၀ ဦးက တက်ရောက်နိုင်ခဲ့ပါသည်။

သင်တန်းများတွင် လေ့လာခဲ့မှုများနှင့်၊ သင်တန်းပြီးနောက်ပိုင်း အကဲဖြတ်စစ်တမ်းများအရ၊ သင်တန်းသားများအနေဖြင့် အိမ်အကူအလုပ်သမားများသည် အလုပ်သမားအခွင့်အရေးများကို ခံစားခွင့်ရှိကြောင်း၊ အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများ (C189) ရှိကြောင်းကို ယခုသင်ယူရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ပြောဆိုကြသည်။ သင်တန်းပြီးဆုံးပြီး၊ ဤအကြောင်းအရာများနှင့်ပတ်သက်၍ ၎င်းတို့၏ အသိပညာအဆင့်/အတိုင်းအတာ မြင့်မားခဲ့ကြောင်းတွေ့ရပါသည်။ တက်ရောက်သူများအားလုံးသည် သင်တန်းမှ ရရှိခဲ့သည့် သတင်းအချက်အလက်နှင့် အသိပညာများကို ၎င်းတို့၏ မိသားစု၊ သူငယ်ချင်း၊ အိမ်နီးချင်းများနှင့် ပြန်လည်မျှဝေလိုသည့် ဆန္ဒရှိခဲ့ကြသည်။

ကိုဗစ်နိုင်တင်း ဒုတိယလှိုင်းကြောင့် လအနည်းငယ် အချိန်ကြန့်ကြာမှုများ ရှိခဲ့သော်လည်း၊ အိမ်အကူအလုပ်သမား စုစုပေါင်း ၁၀၀ ဦးသည် ၂၀၂၁ ခုနှစ်အစောပိုင်းတွင် အုပ်စုငယ်များဖွဲ့၍ သင်ကြားပေးသော စေ့စပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ စုပေါင်းသင်းဖွဲ့ခြင်းစသည့် ၁ ရက်တာ သင်တန်းကို တက်ရောက်ခဲ့ကြသည်။ လုပ်ခ/လစာ၊ အလုပ်ချိန်နာရီ၊ အားလပ်ရက်များနှင့်ပတ်သက်၍ အလုပ်အကိုင် သတ်မှတ်ချက်များနှင့်ပတ်သက်၍ အလုပ်ရှင်များနှင့် ကောင်းစွာ စေ့စပ်ညှိနှိုင်းနိုင်ရန် ကိုယ်ပိုင်ယုံကြည်မှုနှင့် အလေးထားတန်ဖိုးထားမှုမြှင့်တင်ပေးရန် သင်တန်းများကို ရည်ရွယ်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အလုပ်ရှင်အိမ် အပါအဝင် ကိုယ်ပိုင်မိသားစုတွင်လည်း မွေးကင်းစနှင့် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ အခြေခံဗဟုသုတနှင့် ကျွမ်းကျင်မှုများကို အိမ်အကူအလုပ်သမားများအား သင်ကြားပေးရန် ရည်ရွယ်ချက်ဖြင့်၊ မွေးကင်းစနှင့် ကလေးသူငယ်များအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု သင်တန်းကို သုံးရက်တာ ပြုလုပ်ပေးခဲ့ပြီး၊ အမျိုးသမီး ၄၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ဆက်သွယ်ပြောဆိုခြင်း၊ ဗဟုသုတမျှဝေခြင်းနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်၊ နေဝန်းနီသည် အိမ်အကူအလုပ်သမား ၇၈ ဦးပါဝင်သော ဗိုက်ဘာ (Viber) အဖွဲ့ကို ဖွဲ့ပေးခဲ့သည်။ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ၎င်း၏ရုံးတွင် အမျိုးသမီးအိမ်အကူအလုပ်သမား စုစုပေါင်း ၁၀၀ ဦးအတွက် နေ့တစ်ဝက်အစည်းအဝေးကို လစဉ်ပြုလုပ်ပေးခဲ့သည်။ နေ့တစ်ဝက်အစည်းအဝေးတွင် အိမ်အကူအလုပ်သမားများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အသိပညာဗဟုသုတနှင့် အလေ့အကျင့်ကောင်းများကို မျှဝေနိုင်ခဲ့သည့်အပြင် ၎င်းတို့ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကိုလည်း ဆွေးနွေးနိုင်ခဲ့ကြသည်။

**စာအကွက် ၃ - အမျိုးသမီး အိမ်အကူအလုပ်သမားများနှင့် ၎င်းတို့၏ ရပ်ရွာလူထုအတွက် နေဝန်းနီ လုပ်ငန်းဆောင်ရွက်ချက်များ၏ အဓိကအောင်မြင်မှုများ**

၁။ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာ ၂၀ တွင်ရှိသော **အမျိုးသမီး အိမ်အကူအလုပ်သမား ၁၅၉ ဦးကို** ၎င်းတို့ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို နားလည်ရန် **စစ်တမ်းပြုလုပ်နိုင်ခဲ့ခြင်း။**

၂။ မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်နိုင်တင်းကာလအတွင်း တစ်ဦးနှင့်တစ်ဦးအလှမ်းခွာနေထိုင်ခြင်း စည်းကမ်းများနှင့်အညီ အမျိုးသမီးအိမ်အကူအလုပ်သမားများအတွက် ခေါင်းစဉ်အမျိုးမျိုးဖြင့် **အသိအမြင်မြှင့်တင်ပေးခြင်း အလုပ်ရုံဆွေးနွေးပွဲများနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း သင်တန်းအသီးသီး**ကို ပြုလုပ်နိုင်ခဲ့ပါသည်။

(က) သင်တန်းသား ၂၁၀ ဦးအား အလုပ်သမားဥပဒေနှင့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဆိုင်ရာ သင်တန်းများ ပေးခဲ့ခြင်း။

(ခ) သင်တန်းသား ၁၀၀ ဦးအား စေ့စပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် သင်းဖွဲ့ဆောင်ရွက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပေးခဲ့ခြင်း။

(ဂ) သင်တန်းသား ၄၀ ဦးအတွက် မွေးကင်းစ ကလေးနှင့် ကလေးသူငယ် အခြေခံကျန်းမာရေး စောင့်ရှောက်မှု သင်တန်းပေးနိုင်ခဲ့ခြင်း။

၃။ ဆက်သွယ်ပြောဆိုခြင်း၊ ဗဟုသုတမျှဝေခြင်းနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်၊ **အိမ်အကူအလုပ်သမား ၇၈ ဦးပါဝင်သော ဗိုက်ဘာ (Viber) အဖွဲ့**ကို ဖွဲ့ပေးခဲ့ခြင်း။

၄။ အမျိုးသမီး အိမ်အကူအလုပ်သမား ၁၀၀ ဦးအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အသိပညာဗဟုသုတနှင့် အလေ့အကျင့် ကောင်းများကို မျှဝေနိုင်ရန်နှင့် ၎င်းတို့ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကိုလည်း ဆွေးနွေးနိုင်ရန် **လစဉ်အစည်းအဝေးများ** ပြုလုပ်ပေးခဲ့သည်။

**Girl Determined အဖွဲ့**

Girl Determined အဖွဲ့သည် အိမ်အကူအလုပ်သမားများစွာ ထွက်ပေါ်သောနေရာများအပါအဝင် မြန်မာနိုင်ငံ၏ နေရာဒေသအမျိုးမျိုးတွင် အရွယ်ရောက်ပြီးသူ လူငယ်များအတွက် ပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ နှစ်ကာလကြာပြီး၊ အတွေ့အကြုံကောင်းများစွာရှိသည့် ပြည်တွင်းအဖွဲ့အစည်းဖြစ်ခြင်းကြောင့်၊ DIILM စီမံကိန်းသည် Girl Determined အဖွဲ့နှင့် မိတ်ဖက်ပြုဆောင်ရွက်ခဲ့ပါသည်။ အိမ်အကူအလုပ်သမားများ၏ အလုပ်နှင့်ဘဝနေထိုင်မှုများအကြောင်းကို ပိုမိုနားလည်ရန်နှင့် အသိအမြင်မြှင့်တင်နိုင်ရန် ကချင်ပြည်နယ်၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စူးစမ်းလေ့လာရေး လုပ်ငန်းဆောင်ရွက်ချက်များကို ပြုလုပ်ရန်နှင့်၊ ၎င်း၏စီမံကိန်းတွင်ပါဝင်သော အမျိုးသမီးငယ်များ၊ မိန်းကလေးငယ်များနှင့် သူငယ်ချင်းများ၊ (သို့မဟုတ်) အိမ်အကူအလုပ်သမားအဖြစ် လုပ်ကိုင်နေသော (သို့မဟုတ်) လုပ်ကိုင်ရန်ပြင်ဆင်နေသော သူငယ်ချင်း (သို့မဟုတ်) မိသားစုများအပြင်၊ နေရပ်ပြန် အိမ်အကူအလုပ်သမားများအကြား ချိတ်ဆက် ဆွေးနွေးပြောဆိုမှုများရှိရန် ဆောင်ရွက်ပေးခဲ့သည့်အပြင် အိမ်အကူအလုပ်သမားများအတွက် ပံ့ပိုးကူညီပေးသည့်ဝန်းကျင်တစ်ရပ် ပေါ်ပေါက်ရန်လည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ကိုဗစ်နိုင်တင်းကြောင့် ဖြစ်ပေါ်လာသည့် တားမြစ်ကန့်သတ်မှုများအပြင်၊ အာဏာသိမ်းမှုကြောင့်၊ အချို့စီစဉ်ပြီးဖြစ်သည့် လုပ်ငန်းများသည် နှောင့်နှေးကြန့်ကြာခဲ့ရပြီး၊ ပြောင်းလဲနေသည့်အခြေအနေနှင့် လိုအပ်ချက်များအလိုက် အချို့လုပ်ငန်းများကို အတိုင်းအတာလျှော့ချခြင်းနှင့် ပြန်လည်ချိန်ညှိခြင်းများ ဆောင်ရွက်ခဲ့ရသည်။ သို့သော်လည်း Girls Determined အဖွဲ့သည် ရောင်စုံမိန်းကလေးငယ်များအဖွဲ့ ကွန်ရက်[9] အပါအဝင်၊ မြို့ပြဆင်ခြေဖုံးဒေသများနှင့် မြို့ပြဒေသအမျိုးမျိုးရှိ ဈေး၊ လက်ဖက်ရည်ဆိုင်နှင့် အခြားအနီးဝန်းကျင်ဒေသများရှိ အခြေခံလုပ်တန်းစားများကို ကမ်းလင့်ကူညီခြင်းများမှတစ်ဆင့် ကလေးသူငယ်နှင့် ငယ်ရွယ်သော အိမ်အကူအလုပ်သမားများနှင့် ဆက်သွယ်နိုင်ခဲ့ပါသည်။ မူလစီစဉ်ထားခဲ့သလို ရပ်ရွာလူထုအတွင်း လူစုလူဝေးပြုလုပ်မည့်အစား၊ Girl Determined အဖွဲ့သည် အိမ်အကူလုပ်ကိုင်နေသော မိန်းကလေးငယ်များနှင့် အုပ်စုငယ်အဖွဲ့လေးများဖြင့်လည်းကောင်း၊ တစ်ဦးချင်းဖြင့်လည်းကောင်း ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်။ စုစုပေါင်း မိန်းကလေးငယ် ၇၂ ဦးသည် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုတွင် ပါဝင်နိုင်ခဲ့ပြီး၊ ဤဦးရေအနက်မှ တစ်ဝက်ခန့်ကို အခြား အစီအစဉ်များရှိ တည်ရှိပြီးဖြစ်သော အရွယ်ရောက်ပြီး မိန်းကလေးငယ်များနှင့် ငယ်ရွယ်သူအမျိုးသမီးကွန်ရက်မှတစ်ဆင့် ဆက်သွယ်နိုင်ခဲ့ပြီး၊ အခြားတစ်ဝက်ခန့်ကို အခြေခံလူတန်းစားများအား တိုက်ရိုက်ကူညီပေးခြင်းအစီအစဉ်မှတစ်ဆင့် ဆက်သွယ်ကူညီပေးနိုင်ခဲ့သည်။ တက်ရောက်ပါဝင်သူများ၏ အသက်အရွယ်များမှာအသက် ၁၀ နှစ်မှ ၂၀ နှစ်ခန့်ရှိကြပြီး၊ တစ်ဝက်ကျော်ခန့်သည် အသက် ၁၆ နှစ်မှ ၂၀ နှစ်ကြား ရှိကြသည်။

စီမံကိန်း ပိတ်သိမ်းချိန်တွင် Girl Determined အဖွဲ့သည် အိမ်အကူအလုပ်နှင့်ပတ်သက်၍ လုပ်ကိုင်နေသည့် မိန်းကလေးငယ်နှင့် အမျိုးသမီးငယ် ၁၀၀ ကျော်ကို နည်းအမျိုးမျိုးဖြင့် ဆက်သွယ်ဆောင်ရွက်မှုများ စီမံပြုလုပ်နိုင်ခဲ့သည်။ ဤကွန်ရက်ချိတ်ဆက်မှုများကို အကောင်အထည်ဖော်ခြင်းဖြင့်၊ Girl Determined အဖွဲ့သည် ပုံစံအမျိုးမျိုးဖြင့်ရှိနေသည့် အိမ်အကူအလုပ်အကိုင်ကဏ္ဍအတွင်း လုပ်ကိုင်နေသော အရွယ်ရောက်ပြီး မိန်းကလေးငယ်နှင့် အမျိုးသမီးငယ်များကို ကမ်းလင့်ကူညီရန် စမ်းသပ်နည်းလမ်းများနှင့် သိရှိနားလည်မှုဆိုင်ရာ ကျယ်ပြန့်သည့် အစီအစဉ်ကျသော ရည်ရွယ်ချက်များကို ရောက်ရှိအောင်မြင်ခဲ့ပါသည်။ ထို့အပြင် အိမ်အကူအလုပ်အကိုင်တွင် လုပ်ကိုင်နေသော မိန်းကလေးငယ်များကို ပို၍ ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန်နှင့်၊ မိန်းကလေးများအတွက် မဂ္ဂဇင်းနှင့် ရေးသားထားသော စာတမ်းအထောက်အကူများအပါအဝင် ဝန်ဆောင်မှုများနှင့် အရေးပေါ်ဖုန်းလိုင်းများကို ရရှိစေရန်

[9] Girl Determined ဖေ့စ်ဘွတ်စာမျက်နှာ - https://www.facebook.com/GirlDeterminedMM

အနာဂတ်ကမ်းလင့်ဆောင်ရွက်ချက်များနှင့် ကွန်ရက်အစီအစဉ်များကို စတင်ဆောင်ရွက်ရန် ကောင်းစွာ ပြင်ဆင်နိုင်ခဲ့သည်။

စီမံကိန်းကာလအတွင်း၊ စီမံကိန်းအစောပိုင်းကာလ လေ့လာတွေ့ရှိမှုများအပေါ်အခြေခံ၍ အဓိကအားဖြင့် အမျိုးသမီးငယ်များ ကြုံတွေ့ခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ပင်ပန်းဆင်းရဲမှု၊ ပုံစံအမျိုးမျိုးဖြင့် တည်မြဲမှု မရှိခြင်းအခြေအနေ၊ ရှေ့ရေး ပူပင်သောကဖြစ်မှုများနှင့်ပတ်သက်၍၊ Girl Determined အဖွဲ့သည် ရပ်ရွာတွင်းသွားရောက်၍ တိုက်ရိုက်ကူညီဆောင်ရွက်ပေးသော ၎င်း၏ ဝန်ထမ်းများအတွက် စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုနည်း ၃ ရက်တာ သင်တန်းကို တက်ရောက်ရန် စီစဉ်ပေးခဲ့ကာ၊ ရပ်ရွာတွင်း ကမ်းလင့်ကူညီမှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ထိခိုက်မှုမရှိရေးမူကို ပေါင်းစပ်ဆောင်ရွက်နိုင်စေရန်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခဲ့သည်။

**စာအကွက် ၄ - အရွယ်ရောက်ပြီးသူ မိန်းကလေးငယ်များနှင့် အမျိုးသမီးငယ် အိမ်အကူအလုပ်သမားများအတွက် Girl Determined အဖွဲ့၏ ကမ်းလင့်ကူညီဆောင်ရွက်ပေးခြင်းများ၏ အဓိကအောင်မြင်မှုများ၊**

၁။ ရောင်စုံမိန်းကလေးငယ်များအဖွဲ့ ကွန်ရက်အပြင် မြို့ပြဆင်ခြေဖုံးဒေသများနှင့် မြို့ပြဒေသအမျိုးမျိုးရှိ ဈေး၊ လက်ဖက်ရည်ဆိုင်နှင့် အခြားအနီးဝန်းကျင်ဒေသများရှိ အခြေခံလူတန်းစားများကို ကမ်းလင့်ကူညီခြင်းများမှတစ်ဆင့် ကချင်ပြည်နယ်၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် **ကလေးသူငယ်နှင့် ငယ်ရွယ်သော အိမ်အကူအလုပ်သမားများ**ကို ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

၂။ အိမ်အကူအလုပ်အကိုင်တွင် လုပ်ကိုင်နေကြသည့် အသက် ၁၀ နှစ်မှ ၂၀ နှစ်ကြားရှိသော အရွယ်ရောက် မိန်းကလေးငယ်များနှင့် အမျိုးသမီးငယ် ၇၂ ဦးအား **အုပ်စုငယ်များဖြင့် စည်းဝေးဆောင်ရွက်ခြင်းနှင့် တစ်ဦးချင်းအလိုက် ဆွေးနွေးခြင်းများ**ကို ဆောင်ရွက်ခဲ့ပြီး၊ ထိုအရေအတွက်အနက်မှ တစ်ဝက်မှာ အသက် ၁၆ နှစ်မှ ၂၀ နှစ်ကြား ရှိသည်။

၃။ အိမ်အကူအလုပ်အကိုင်တွင် လုပ်ကိုင်နေသော မိန်းကလေးငယ်နှင့် အမျိုးသမီးငယ် ၁၀၀ ဦးကို **အမျိုးမျိုးသော ပုံစံများဖြင့် ပုံမှန် ဆက်သွယ်ဆောင်ရွက်ခြင်းများ**ကို စီမံခန့်ခွဲပြီး၊ မိန်းကလေးများအတွက် မဂ္ဂဇင်းနှင့် ရေးသားထားသော သတင်းအချက်အလက်အထောက်အကူများအပါအဝင် **ဝန်ဆောင်မှုများနှင့် အရေးပေါ်ဖုန်းလိုင်းများကို ရရှိအသုံးပြုနိုင်ရန်** ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၄။ ရပ်ရွာတွင်းသွားရောက်၍ တိုက်ရိုက်ကူညီဆောင်ရွက်ပေးသော ၎င်း၏ ဝန်ထမ်းများအတွက် ရပ်ရွာတွင်း ကမ်းလင့်ကူညီမှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ထိခိုက်မှုမရှိရေးမူကို ပေါင်းစပ်ဆောင်ရွက်နိုင်စေရန် အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ရန် **စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုနည်း ၃ ရက်တာ သင်တန်း**ကို စီစဉ်ပေးခြင်း။

## ၆.၃။ ပေါင်းစပ်ဆောင်ရွက်သည့် လုပ်ငန်းများ၏ အဓိကအောင်မြင်မှုများ၊

- မိတ်ဖက်အဖွဲ့အစည်းများနှင့် အိမ်အကူအလုပ်သမားများ၏ အကြံပြုချက်ဖြင့် အိမ်အကူအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို လွှတ်တော်အမတ်များက ရေးဆွဲခဲ့သည်။
- မိတ်ဖက်အဖွဲ့အစည်းလုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်သည့် အိမ်အကူအလုပ်သမားများသည် ၎င်းတို့၏ အသံများကို အများသိအောင် တင်ပြနိုင်ခြင်းအပြင် အိမ်အကူအလုပ်သမားများအတွက် ကိုယ်စားပြုရန် ယုံကြည်မှုများ ရှိလာသည်။ အိမ်အကူအလုပ်သမားများအတွက် ၎င်းတို့ကိုယ်တိုင် ကိုယ်စားပြုဖော်ပြခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။
- လုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်ကြသော အိမ်အကူအလုပ်သမားများသည် ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ချိတ်ဆက်လာနိုင်သည့်အပြင် မူဝါဒရေးဆွဲသူများအပါအဝင် ပံ့ပိုးဝန်ဆောင်မှုအမျိုးမျိုးအတွက်လည်း ဆက်သွယ်ဆောင်ရွက်လာနိုင်သည်။
- မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အချင်းချင်းအပြင် အခြား အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ဥပဒေအထောက်အကူပြုအဖွဲ့အစည်းများနှင့်လည်း ခိုင်မာသော ကွန်ရက်နှင့် အမှုလွှဲပြောင်းသည့်စနစ် တည်ထောင်နိုင်ခဲ့ပြီဖြစ်သောကြောင့် လုပ်ငန်းတစ်ခုနှင့်တစ်ခုထပ်ခြင်းမရှိဘဲ ဝန်ဆောင်မှုအတိုင်းအတာကို ပိုမိုချဲ့ထွင်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။
- မိတ်ဖက်အဖွဲ့အစည်းများသည် ယခုအခါ ၎င်းတို့၏ သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်ပညာရှင်များဖြစ်လာပြီး၊ အိမ်အကူအလုပ်သမားများကို ပံ့ပိုးပေးသည့် စီမံကိန်းသစ် (သို့မဟုတ်) လုပ်ငန်းသစ်များကို လမ်းညွှန်ချက်နှင့် အကြံဉာဏ်များပေးနိုင်လာသည်။
- ပုံနှိပ်နှင့် ဒီဂျစ်တယ် သင်တန်းအထောက်အကူပြုပစ္စည်းများ၊ နည်းလမ်းနှင့် လမ်းညွှန်ချက်များကို ထုတ်ဝေခဲ့ပြီး၊ ၎င်းတို့ကို အခြား CSO အဖွဲ့များ၊ ပုဂ္ဂလိကသင်တန်းကျောင်း (သို့မဟုတ်) DOL သင်တန်းကျောင်းများက ပြန်လည်အသုံးပြုနိုင်သလို ပြန်လည် မှီငြမ်းအသုံးပြုနိုင်သည်။

# ၇။ စိန်ခေါ်မှုများ

**DIILM စီမံကိန်းသည် အိမ်အကူအလုပ်သမားများကို လက်လှမ်းမီကူညီပေးနိုင်ရန် တီထွင်ဆန်းသစ်ပြီး၊ စမ်းသပ်လေ့လာမှု ရှိသော ရှေ့ပြေးဆောင်ရွက်များကို ပံ့ပိုးပေးရန် ရည်ရွယ်ခဲ့ပြီး၊ အလုပ်လျှောက်ထားရန် စိတ်ဝင်စားသည့် အဖွဲ့များစွာသို့ အလုပ်ခေါ်ယူမှုများ ပြုခဲ့ပါသည်။ သို့သော် ပြန်လည်တုံ့ပြန်မှု အလွန်နည်းပြီး အကန့်အသတ်ဖြင့်သာ ရှိခဲ့သည်။ အဖွဲ့အစည်း အနည်းငယ်သာလျှင် အိမ်အကူအလုပ်သမားများနှင့် တိုက်ရိုက်ဆောင်ရွက်လျက်ရှိကြပြီး၊ အိမ်အကူအလုပ်သမားများကို လက်လှမ်းမီ ဆက်သွယ်ရာတွင် အခက်အခဲများစွာ ရှိကြောင်းကို အသိအမှတ်ပြုထားသည်။**

Three Good Spoons ၏ License to Stir သင်တန်းများ၏ရည်ရွယ်ချက်သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (MOLIP) လက်အောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (DOL) ၏ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ထံမှ အသိအမှတ်ပြုလက်မှတ် ရရှိရေး၊ အိမ်အကူအလုပ်သမားများအတွက် ကျွမ်းကျင်မှုသင်တန်း အရေးပါပုံကို သိမြင်နားလည်ရန်နှင့် အဆိုပါသင်တန်းများကို စနစ်တကျဖွဲ့စည်းဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်တစ်ရပ် စတင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း အလုပ်သမားဥပဒေတွင်

အိမ်အကူအလုပ်သမားများကို ဖယ်ထုတ်ထားသည့်အပိုင်း ပါဝင်ခြင်းကြောင့်၊ NSSA သည် ဤဆောင်ရွက်ချက်တွင် ပါဝင်ခဲ့ခြင်းမရှိပါ။

အိမ်အကူအလုပ်သမားအစုအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍၊ အိမ်အကူအလုပ်သမားများအပေါ် နှိမ်ချဆက်ဆံမှု အချို့ရှိခြင်းအပြင်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေတွင် အိမ်အကူအလုပ်သမားပါဝင်သော်လည်း တရားဝင် ပုံစံတကျ လုပ်ငန်းစဉ်များ မရှိခြင်းကြောင့် အလွတ်တမ်းသဘော ပုံစံတကျမဟုတ်သည့် အစုအဖွဲ့များအဖြစ်သာ ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့အပြင် သင်တန်းတက်ပြီးနောက် အလုပ်ရရှိသွားသော အိမ်အကူအလုပ်သမားများသည် လုပ်ဖော်ကိုင်ဘက် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာလုပ်ကိုင်ရခြင်း မရှိခြင်းကြောင့် အစည်းအဝေးနှင့် သင်းဖွဲ့ဆောင်ရွက်ခြင်းသည် ခက်ခဲပါသည်။

မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကျင့်ဝတ်နှင့်အညီ အလုပ်အကိုင်ချိတ်ဆက်ပေးသည့်စနစ်နှင့်အတူ အလုပ်ရှင်များနှင့် အိမ်အကူအလုပ်သမားများကို စောင့်ကြည့်လေ့လာခြင်းကို ပံ့ပိုးမြှင့်တင်ရန် စွမ်းဆောင်ရည်နှင့် ကွန်ရက်အဖွဲ့အစည်းများ ရှိသော်လည်း၊ အလုပ်ခန့်ထားမှုကန့်သတ်ရေးဥပဒေ (၁၉၅၉) အရ ကန့်သတ်တားမြစ်မှုများရှိခြင်းကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။

မိတ်ဖက်အဖွဲ့အစည်းများနှင့် အင်တာဗျူး (သို့မဟုတ်) အခြားဆက်သွယ်ပြောဆိုမှုများ လက်ခံပြုလုပ်ခဲ့သည့် အိမ်ရှင်များသည် အိမ်အကူအလုပ်သမားများအတွက် အသိအမြင်မြှင့်တင်ရန်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် ကမ်းလှမ်းရန် လက်တွေ့ကျသောသတင်းအချက်အလက်များနှင့် ပုံစံများအတွက် အထူးကျေးဇူးတင်ကြောင်း ပြောဆိုကြသည်။ သို့သော် ယေဘုယျအားဖြင့် အလုပ်ရှင်အများအပြား၏ စိတ်ဝင်စားမှု ရရန်မှာ စိန်ခေါ်မှုများ ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် အိမ်အကူအလုပ်အကိုင်နှင့်ပတ်သက်၍ ပုံသေအတွေးအခေါ်နှင့် နှိမ်ချဆက်ဆံမှုများအပြင် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာဆောင်ရွက်မှုများ မရှိခြင်းကြောင့်ဖြစ်သည်။ ဥပမာအားဖြင့်၊ အချို့အလုပ်ရှင်များ သည် သဘောတူထားသည့် အလုပ်အကိုင်အခြေအနေများကို ချိုးဖောက်သောကြောင့် မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ပြဿနာဖြေရှင်းနည်း၊ အလုပ်ရှင်များနှင့် ပြဿနာများကို ဆွေးနွေးခြင်းနှင့်ပတ်သက်၍ အိမ်အကူအလုပ်သမားများအား ကြားဝင်ဖျန်ဖြေပြီး အကြံပေးလမ်းညွှန်ကြသည်။ ပြဿနာကို မဖြေရှင်းနိုင်သည့် အခြေအနေတွင် အိမ်အကူအလုပ်သမားများအား အခြားအလုပ်အကိုင်ကို ရှာဖွေရန် အကူအညီပေးလေ့ရှိသည်။

အိမ်အကူအလုပ်သမားများအတွက် လုပ်ဆောင်ချက်များကို ရှေ့ပြေး (သို့မဟုတ်) ကနဦးဆောင်ရွက်ပေးနေသော မိတ်ဖက်အဖွဲ့အစည်းအချို့အတွက် သက်ဆိုင်သည့် နယ်ပယ်များတွင် ဝန်ထမ်းစွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ကိစ္စရပ်များ ရှိပြီး၊ အနာဂတ်အစီအစဉ်ရေးဆွဲခြင်းတွင် စီမံကိန်းဝန်ထမ်း၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဖြေရှင်းရန် လိုအပ်ချက်တစ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။

### ကိုဗစ်နိုင်တင်း ကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေး အခြေအနေနှင့်သက်ဆိုင်သည့် စိန်ခေါ်မှုများ၊

> *"အစီရင်ခံစာတင်ပြရမည့်ကာလအတွင်း ကိုဗစ်နိုင်တင်းကပ်ရောဂါဖြစ်ခြင်းကြောင့် စီစဉ်ထားတဲ့ ရလဒ်တွေနဲ့ ပတ်သက်တဲ့ တိုးတက်မှုတွေ မရတဲ့အပြင်၊ မျက်နှာချင်းဆိုင်သင်ရမယ့် သင်တန်းတွေလည်း မလုပ်နိုင်ခဲ့ပါဘူး။ အဟန့်အတား ဖြစ်ခဲ့ပါတယ်။"* Three Good Spoons

လုပ်ငန်းဆောင်ရွက်မှုဝန်းကျင်ပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်နိုင်ရန်၊ မိတ်ဖက်အဖွဲ့ဝင်များသည် အွန်လိုင်းမှ ဆောင်ရွက်နိုင်သော သင်တန်းနှင့် လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။ သင်တန်းအရေအတွက်ကို လျှော့ချခဲ့ပြီး၊ ထိုသင်တန်းများကိုလည်း ပေါင်းစပ်ပြုလုပ်သည့်ပုံစံသို့ ပြောင်းလဲ ဆောင်ရွက်ခဲ့သည်။ ပေါင်းစပ်ပြုလုပ်သည့် ပုံစံဟုဆိုရာတွင် အွန်လိုင်းနှင့် လက်တွေ့သင်တန်းပေါင်းစပ်ခြင်း ဖြစ်ပြီး၊ လက်တွေ့သင်တန်းကို ရက်အနည်းငယ်သာ သင်ကြားပေးခြင်းမျိုး ဖြစ်သည်။ ကိုဗစ်နိုင်တင်းကပ်ရောဂါကြောင့် မျက်နှာချင်းဆိုင်သင်တန်းကို လျှော့ချရန်၊ အကန့်အသတ်ကို ကျော်လွှားရန်၊ ဦးတည်ထားသည့် ဒီဂျစ်တယ်သင်တန်း

သင်ထောက်ကူပစ္စည်းများနှင့် နည်းလမ်းများကို ပြုလုပ်ခဲ့ပြီး၊ ပေါင်းစပ်ပြုလုပ်သည့်ပုံစံကို အောင်မြင်သမျှ အောင်မြင်နိုင်အောင် ပြုလုပ်ခဲ့သည်။

ကပ်ရောဂါကြောင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ နှောင့်နှေးကြန့်ကြာသွားသောကြောင့် တားဆီးကန့်သတ်မှုများဖြင့် ပြုလုပ်ရသည့် အခြေအနေတွင် အွန်လိုင်းသို့ ပြောင်းလဲဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် စိန်ခေါ်မှုအခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ကြရသည်။ အွန်လိုင်း ဆက်သွယ်မှုနှင့် လျှပ်စစ်ဓါတ်အား တည်ငြိမ်မှု မရှိခြင်း၊ အွန်လိုင်းသင်တန်းများအတွက် ဗီဒီရိုရိုက်ကူးရန် လိုအပ်သည့် ပစ္စည်းကိရိယာများမရှိခြင်းတို့ကြောင့် ကန့်သတ်ပိတ်ဆို့မှု (လော့ခ်ဒေါင်း) ကာလအတွင်း သင်တန်းများအတွက် အွန်လိုင်း ပုံစံပြောင်းရန်မှာ အကန့်အသတ်ဖြင့် ရှိခဲ့ပါသည်။

အိမ်အကူအလုပ်သမားများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းခွင် (သို့မဟုတ်) အိမ်တွင် တည်ငြိမ်သော အင်တာနက် ချိတ်ဆက်မှုကို ရယူအသုံးပြုရန်မှာ အခက်အခဲတစ်ရပ် ဖြစ်သည်။ သင်တန်းများ တက်ရောက်နိုင်ရန် ၎င်းတို့အလုပ်ရှင်၏ ခွင့်ပြုချက်နှင့် ပံ့ပိုးမှု ရရှိရန် လိုအပ်သည်။ အိမ်အကူအလုပ်သမားအားလုံးတွင် အွန်လိုင်းချိတ်ဆက်အသုံးပြုနိုင်သည့် စမတ်ဖုန်းများ ရှိမနေကြပါ။ ထို့အပြင် အွန်လိုင်းသင်တန်း တက်ရောက်ရန်စီစဉ်ခဲ့သော အိမ်အကူအလုပ်သမားအချို့သည်လည်း အွန်လိုင်းသင်တန်းမှ သင်ကြားပြသပေးသည့်အရာများကို အပြည့်အဝသင်ယူရာတွင် ဒီဂျစ်တယ်နှင့် နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်များ ရှိခဲ့သည်။

ကိုဗစ်ကပ်ရောဂါနှင့် အာဏာသိမ်းမှုနောက်ပိုင်း၊ အကျိုးခံစားခွင့်ရရှိမည့်သူများနှင့် စီမံကိန်းဝန်ထမ်း နှစ်ဦးစလုံး၏ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာများရှိခြင်းကြောင့်၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်ရန် အလွန်ခဲယဉ်းသောကြောင့် မျှော်မှန်းထားသည့်သတ်မှတ်ချက်များကို အပြည့်အဝ ရောက်ရှိအောင်မြင်ခဲ့ခြင်း မရှိပါ။

မြန်မာနိုင်ငံတွင် စီးပွားရေးအခြေအနေ ယိုယွင်းလာမှုကြောင့် မိသားစုအနည်းအကျဉ်းသာ အိမ်အကူအလုပ်သမားများကို ငှားရမ်းခန့်အပ်ထားနိုင်ခြင်းကြောင့် အလုပ်အကိုင် ရှာဖွေရာတွင်လည်း အခက်အခဲများ ပိုရှိလာပါသည်။

# ၈။ လေ့လာတွေ့ရှိချက်များ

ဤအခန်းတွင် သက်ဆိုင်ရာ စီမံကိန်းကာလအတွင်း မိတ်ဖက်အဖွဲ့အစည်းများက စာဖြင့်ရေးသားတင်ပြလာသည့် အကဲဖြတ်မေးခွန်း ဖြေဆိုမှုများ၊ အကြောင်းအရာအသေးစိတ်အစီရင်ခံစာများမှ စုစည်းထားသည့် လေ့လာတွေ့ရှိချက်များကို ဖော်ပြထားပါသည်။ အိမ်အကူအလုပ်သမားများအတွက် အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှုသင်တန်းများကို ပံ့ပိုးပေးရန်၊ အိမ်အကူအလုပ်သမား၊ ၎င်းတို့၏မိသားစု၊ အလုပ်ရှင်နှင့် ဒေသခံခေါင်းဆောင်များအား ကမ်းလင့်ကူညီခြင်း၊ အသိအမြင် မြှင့်တင်ခြင်းများပြုရန်၊ အိမ်အကူအလုပ်သမားများအတွက် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း လုပ်ငန်းများနှင့် သင်တန်းများပြီးဆုံးပြီးနောက်ပိုင်း အိမ်အကူအလုပ်သမားများအတွက် အလုပ်အကိုင်ပံ့ပိုးမှု ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်များ ဒီဇိုင်းရေးဆွဲခြင်းနှင့်၊ အစီအစဉ်ချမှတ်ခြင်းပြုသည့်အခါတွင် အခြားအဖွဲ့အစည်းများ (သို့မဟုတ်) အုပ်စုများအနေဖြင့် လေ့လာသိရှိနိုင်ရန် ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်မှုများ ပါဝင်ပါသည်။

## ၈.၁။ လေ့လာတွေ့ရှိချက်များ

စီမံကိန်းအကောင်အထည်ဖော်သည့်ကာလအတွင်း DIILM စီမံကိန်းအနေဖြင့် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်တက်ရောက်သည့် သင်တန်းများကို ပြုလုပ်ခဲ့သည့်အပြင်၊ အိမ်အကူအလုပ်သမားများအတွက် အလုပ်သမားကာကွယ်စောင့်ရှောက်ရေး စံချိန်စံညွှန်းများ၊ အထူးသဖြင့် ILO ၏ အိမ်အကူအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် (၁၈၉)၊ အမျိုးသားဥပဒေများ၊ အခြားနိုင်ငံရှိ အမျိုးသားဥပဒေများနှင့်ပတ်သက်၍

ရင်းနှီးကျွမ်းဝင်စေရန် လွှတ်တော်အမတ်များနှင့် စေ့စပ်ညှိနှိုင်းမှု အသီးသီးကို ပြုလုပ်ခဲ့ပါသည်။ အိမ်အကူအလုပ်သမားများအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် အိမ်အကူအလုပ်သမားအခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်မှုများကို ပံ့ပိုးပေးသည့် အထောက်အကူပစ္စည်းများနှင့် နည်းလမ်းများကို ပြုစုခဲ့ပါသည်။ ထို့အပြင် အိမ်အကူအလုပ်အကိုင်ကို အလုပ်အကိုင်တစ်ခု အဖြစ် အသိအမှတ်ပြုခြင်းကို မြှင့်တင်ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့ကိုကျင်းပရန်၊ CSO နှင့် အလုပ်သမားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အများပြည်သူဆိုင်ရာ အခမ်းအနားပွဲများကို စီစဉ်ကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဤလုပ်ဆောင်ချက်များကို စီစဉ်ခြင်း၊ စည်းရုံးလှုံ့ဆော်မှု သတင်းစကားများကို မျှဝေခြင်းမှတစ်ဆင့်၊ စီမံကိန်းသည် မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်သမားနှင့်ပတ်သက်၍ သဘောထားများပြောင်းလဲလာအောင် ဆောင်ရွက်နိုင်ခြင်း အပါအဝင်၊ မူဝါဒနှင့် ဥပဒေ ပြင်ဆင်ပြောင်းလဲမှုအတွက်လည်း အရှိန်အဟုန်တစ်ရပ် ဖြစ်လာစေသည့်အပြင် အခြေခံအုတ်မြစ်ချမှုနှင့်အတူ၊ CSO နှင့် အလုပ်သမားအဖွဲ့အစည်းများ၏ နည်းပညာ၊ အသိပညာဗဟုသုတ၊ ကွန်ရက်ချိတ်ဆက်မှု၊ စီစဉ်ဆောင်ရွက်နိုင်သည့် စွမ်းရည်များကိုလည်း တိုးတက်လာစေသည်။ ကြွယ်ဝသည့် အသိပညာဗဟုသုတ၊ အတွေ့အကြုံနှင့် ရှိနေပြီးဖြစ်သည့် ကွန်ရက်များအပေါ်အခြေခံ၍ မိတ်ဖက်အဖွဲ့အစည်းများသည် DIILM စီမံကိန်း၏ ပံ့ပိုးမှုဖြင့် ရှိနေသည့်လုပ်ငန်းများနှင့် ဝန်ဆောင်မှုများ၏ ပမာဏ၊ လွှမ်းခြုံမှုနှင့် နယ်ပယ်အတိုင်းအတာကို ချဲ့ထွင်နိုင်ပြီး၊ ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

နောက်ခံအခြေအနေအမျိုးမျိုး၊ ကျွမ်းကျင်မှုနှင့် ဦးစားပေးမှုအမျိုးမျိုးရှိသော မိတ်ဖက်အဖွဲ့အစည်းများအား ပံ့ပိုးခြင်းနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းတွင်၊ ကောင်းမွန်သည့်အခြေအနေတစ်ရပ်ဖြစ်ပေါ်အောင် ဆောင်ရွက်ရေးအတွက် သင့်တော်သည့်အချိန်ကာလနှင့် မဆုတ်မနစ် ကြိုးစားအားထုတ်မှုပြုရန် အရေးကြီးပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရှိနှင့်ပြီးဖြစ်သောအဖွဲ့များရော အဖွဲ့သစ်များပါ မိတ်ဖက်အဖွဲ့အစည်းအားလုံးအနေဖြင့် အကြံဉာဏ်များ မျှဝေဖလှယ်နိုင်ခြင်း၊ တစ်ဦးထံမှ တစ်ဦး သင်ယူနိုင်ခြင်း၊ သီးခြားကိစ္စရပ် (သို့မဟုတ်) လုပ်ငန်းနယ်ပယ်နှင့်ပတ်သက်၍ ဘုံနားလည်မှု တည်ဆောက်ခြင်း၊ အချင်းချင်း ကွန်ရက်ချိတ်ဆက်ခြင်း၊ ပံ့ပိုးဆောင်ရွက်ခြင်းများ ပြုလာနိုင်သည်။ ကိုဗစ်နိုင်တင်း ကပ်ရောဂါနှင့် အာဏာသိမ်းမှု မဖြစ်ပေါ်ပါက၊ ဤကဲ့သို့ဖလှယ်ဆွေးနွေးမှုများကို ပုံမှန်နှင့် အကြိမ်ရေများများ ပိုမိုပြုလုပ်နိုင်မည်ဖြစ်ပြီး၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အထူးသဖြင့် အိမ်အကူအလုပ်သမားများအတွက် ဆောင်ရွက်ချက်များ၊ (သို့မဟုတ်) အစီအစဉ်များကို အတိုင်းအတာကြီးကြီးမားမား ဆောင်ရွက်နေသည့်အဖွဲ့အစည်းများအတွက် ပိုမိုအကျိုးထိ ရောက်စေမည်ဖြစ်သည့်အပြင်၊ မြန်မာနိုင်ငံ နေရာအနှံ့ရှိ အသက်အရွယ်အစုံရှိသော အိမ်အကူအလုပ်သမားများအတွက် ပံ့ပိုးဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း အစပျိုး ဆောင်ရွက်နိုင်ပေမည်။

ထို့အပြင် သက်ဆိုင်ရာအစိုးရဌာနများ၊ လွှတ်တော်အမတ်များ၊ အလုပ်သမားအခွင့်အရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ NGO နှင့် CSO များနှင့် အဓိပ္ပါယ်ပြည့်ဝ၍ ထိရောက်သော ဆွေးနွေးမှုများတွင် ပါဝင်ရန် မိတ်ဖက်အဖွဲ့အစည်းများအတွက် အခွင့်အလမ်းနှင့် နေရာဖန်တီးပေးရာတွင် ILO ၏ တက်ကြွသော ကိုယ်စားပြုမှုနှင့် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများသည် မိတ်ဖက်အဖွဲ့အစည်းများ၊ အထူးသဖြင့် ကိစ္စရပ်အသစ် (သို့မဟုတ်) လုပ်ငန်းနယ်ပယ်အသစ်ကို စတင် ဆောင်ရွက်ခဲ့သူများအတွက် ၎င်းတို့၏ အလုပ်နှင့်ကြိုးစားအားထုတ်မှုကိုပြသရာတွင် များစွာ အထောက်အပံ့ပြုခဲ့သလို၊ လူမှုမီဒီယာမှတစ်ဆင့် ကွန်ရက်ချိတ်ဆက်မှုကို မြှင့်တင်ရာတွင်လည်းကောင်း၊ ဥပဒေပြုပြင်ပြောင်းလဲမှုအတွက် စည်းရုံးလှုံ့ဆော်မှုများကို ပူးတွဲဆောင်ရွက်ရာတွင်လည်းကောင်း များစွာ အထောက်အပံ့ ပြုခဲ့ပါသည်။

အလုပ်လုပ်ကိုင်နေသော အိမ်အကူအလုပ်သမားများအတွက် လုပ်ဆောင်ချက်အမျိုးအစားနှင့် သင်တန်းအမျိုးအစားများကို ဒီဇိုင်းရေးဆွဲခြင်းနှင့် စီစဉ်ဆောင်ရွက်ခြင်းပြုလုပ်ရာတွင်၊ အိမ်အကူအလုပ်သမားများနှင့် ဆွေးနွေးညှိနှိုင်းလျက် သင်တန်းနှင့် လုပ်ဆောင်ချက်များအတွက် သင့်လျော်သည့် အချိန်ရွေးချယ်ခြင်းသည် အရေးကြီးပါသည်။

အချို့အခြေအနေများတွင် အိမ်အကူအလုပ်သမားများက လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ သင်တန်းများတက်ခြင်းကို ပံ့ပိုးသော (သို့မဟုတ်) ဟန့်တားသော အလုပ်ရှင်များကို အလွတ်သဘောမေးမြန်းခြင်းက အထောက်အကူပြုပါသည်။ သင်တန်းများတက်ရန် အိမ်အကူအလုပ်သမားများအား ခွင့်ပြုရန် အဖွဲ့အစည်းက အလုပ်ရှင်နှင့် ကြိုတင်တွေ့ဆုံဆွေးနွေးခြင်းသည်လည်း အထောက်အကူဖြစ်ကြောင်း တွေ့ရသည်။ မိတ်ဖက်အဖွဲ့အစည်း၏ စေ့စပ်ညှိနှိုင်းခြင်းနှင့် ကြားဝင်ဆောင်ရွက်ခြင်းများကြောင့်၊ အချို့အိမ်ရှင်များသည် အိမ်အကူအလုပ်သမားများကို အွန်လိုင်းသင်တန်းတက်ရန် စမတ်ဖုန်းများကိုပင် အသုံးပြုခွင့်ပေးသည်။ ထိုအလုပ်ရှင်များက ဤသို့ခွင့်ပြုပေးခြင်းမှာ အိမ်အကူအလုပ်သမားများအနေဖြင့် အလုပ်ကို ပို၍ကောင်းစွာ လုပ်ကိုင်လာနိုင်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။

အိမ်အကူအလုပ်သမားများ၏ အလုပ်ရှင်များအတွက် ကောင်းမွန်သောအလေ့အကျင့်ကောင်းများ မြှင့်တင်ပေးရန် မိတ်ဖက်အဖွဲ့အစည်းများက ပြုလုပ်ထုတ်ဝေသော လမ်းညွှန်ချက်များသည် အကန့်အသတ်ဖြင့် ရှိခြင်းကြောင့်၊ လမ်းညွှန်ချက်များတွင် လက်တွေ့ကျသော သတင်းအချက်အလက်များအား မျှဝေရာတွင် အလုပ်ရှင်များကို ဆော်သြ စည်းရုံးမည့် ကမ်ပိန်း (သို့မဟုတ်) ကမ်းလင့်အထောက်အကူပစ္စည်းများနှင့် သီးခြားအစီအစဉ်များသည် ကောင်းစွာ အထောက်အကူပြုမည် ဖြစ်သည်။

အိမ်အကူအလုပ်သမားများ၏အလုပ်အကိုင်နှင့် ဘဝနေထိုင်မှုပုံစံနှင့် ကိုက်ညီမည့် ကြားခံဆက်သွယ်ရေးနည်းလမ်းများ ပြုလုပ်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ဗီဒီယိုအတိုများ ဖြစ်သည်။ ၎င်းတို့အဆင်ပြေ အားလပ်သည့်အချိန်တွင် ဗီဒီယို အတိုများကို ကြည့်ချင်သလောက် ကြည့်၍ရနိုင်သည်။ မြန်မာဘာသာစကား အနည်းငယ်သာ သိသောသူများအတွက် ကာတွန်းစာအုပ်ငယ်များနှင့် ရုပ်ပုံဖော်ပြချက်များအပါအဝင် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများအတွက် အမြင်အာရုံ အထောက်အကူပြုပုံများ အသုံးပြုခြင်းသည် လိုအပ်ပါသည်။

အိမ်အကူအလုပ်သမားများ သင်တန်းအတွက် သင်တန်းစာအုပ်များ (သို့မဟုတ်) အထောက်အကူပစ္စည်းများ ပြုလုပ်ရာ တွင်၊ အခြားအရင်းအမြစ်များမှ ရယူအသုံးပြုခြင်းသည်လည်း အသုံးဝင်ပါသည်။ ဥပမာအားဖြင့်၊ 'ILO ၏ ဒေသတွင်း အရည်အချင်းသတ်မှတ်စံ'[10] ဖြစ်ပြီး ၎င်းတွင် သင်တန်းခေါင်းစဉ်၊ သင်ယူလေ့လာမှု ရလဒ်များအတွက် အသုံးဝင်သော မူဘောင်တစ်ခုကို ဖော်ပြပေးထားသည်။ ဖိလစ်ပိုင်တွင် နည်းပညာဆိုင်ရာ ပညာရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့(TESDA) သည် ဗီဒီယိုဖြင့် သင်ကြားပြသမှုများကို[11] ဖော်ပြထားပြီး၊ အိမ်အကူအလုပ်အကိုင်အပါအဝင် ကျွမ်းကျင်မှု နိမ့်သော အလုပ်အကိုင်များအတွက် သင်ကြားမှုဆိုင်ရာ သင်တန်းတွင်ပါဝင်မည့်အကြောင်းအရာများကို ပြုစုနည်းနှင့် ပတ်သက်၍ အသုံးဝင်သည့် ကိုးကားမှု ဖြစ်နိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများအဖွဲ့ချုပ် (IDWF)[12] ကဲ့သို့ နိုင်ငံတကာစည်းရုံးလှုံ့ဆော်မှုအဖွဲ့များသည်လည်း သင်တန်းအရင်းအမြစ်နှင့် ဦးစားပေးမှုများကို ရွေးချယ်ပြုလုပ်ရာတွင် အထောက်အကူပြုနိုင်ပါသည်။

---

[10] ILO Regional Competency Standards - https://www.ilo.org/asia/publications/WCMS_329862/lang--en/index.htm

[11] Competency Assessment ကို ဤနေရာတွင် ရယူနိုင်ပါသည်။ https://www.e-tesda.gov.ph/course/index.php?categoryid=12; သင်ကြားပြသသည့်ဗီဒီယိုများ၊ TESDA က အွန်လိုင်းတွင် မဖော်ပြထားသော်လည်း Youtube တွင်ဖော်ပြထားသည်။ TESDA မှ ချီးမြှင့်သော အိမ်အကူအလုပ်အကိုင် အသိအမှတ်ပြုလက်မှတ်ကို ရယူနိုင်သည်။ ဥပမာ။ ချက်ပြုတ်နည်း ဗီဒီယို - https://www.youtube.com/results?search_query=tesda+cooking+training.

[12] IDWD က ထုတ်ဝေသော အရင်းအမြစ် အထောက်အကူများကို ၎င်း၏ဝက်ဘ်ဆိုက်တွင် ရယူနိုင်ပါသည် - https://idwfed.org/en/resources#b_start=0.

အိမ်အကူအလုပ်သမားများအတွက် သင်တန်းများ ပေးရာတွင်၊ နေထိုင်စရိတ် (သို့မဟုတ်) အခြားထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်းကို စဉ်းစားသုံးသပ်ခြင်းသည်လည်း အထူးသဖြင့် ကျေးလက်ဒေသရှိ အမျိုးသမီးများအတွက် သင်တန်းတက်ရန် တွန်းအားတစ်ခု ဖြစ်စေနိုင်ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုနှင့်ပတ်သက်၍၊ စီမံကိန်းဆောင်ရွက်ချက်နှင့် ဦးစားပေးမှုများကို လိုအပ်သလို ပြောင်းလဲခြင်း (သို့မဟုတ်) ချိန်ညှိခြင်းများအကြောင်း ဆွေးနွေးရန် ပြောင်းလဲပြင်လွယ်ရှိပြီး၊ ပုံမှန်နှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးသော ဆွေးနွေးပြောဆိုမှုများရှိရန် အလွန်အရေးကြီးပါသည်။ ၎င်းသည် ကိုဗစ်နိုင်တင်းကပ်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်သည့်ကာလအတွင်း အထူးအရေးကြီးပါသည်။ Girl Determined အဖွဲ့က အောက်တွင် ဖော်ပြထားသလို၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံးသည် DIILM စီမံကိန်းအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်း၍ စီမံကိန်းရလဒ်များထွက်ပေါ်ရန် ရရှိနိုင်သည့် နည်းလမ်းများအားလုံးကို ရှာဖွေကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ကိုဗစ်နိုင်တင်းနှင့်အတူ အာဏာသိမ်းမှုဖြစ်စဉ်နှင့် ဆက်စပ်ပေါ်ပေါက်လာသည့် ကန့်သတ်တားမြစ်ချက်များ၊ စိန်ခေါ်မှုများအကြားတွင် သမားရိုးကျမဟုတ်သော ထူးခြားသည့်နည်းလမ်းများကို အသုံးပြုဆောင်ရွက်ခဲ့သည်။

> *"မိန်းကလေးငယ်တွေနဲ့အမျိုးသမီးငယ်တွေအတွက်ဆောင်ရွက်တဲ့အခါအကောင်းဆုံးနည်းလမ်းဆိုတာ မရှိပါဘူး။ သူတို့ကို ကူညီပေးဖို့ ဖြစ်နိုင်ချေရှိတဲ့နည်းလမ်းအားလုံးကိုအသုံးပြုခဲ့ရပါတယ်။"*
>
> Girl Determined

အနာဂတ် အစီအစဉ်ရေးဆွဲခြင်းအတွက်၊ ဖြစ်နိုင်ချေရှိသည့် အထောက်အထားအရ၊ မြန်မာနိုင်ငံတွင် ကိုဗစ်နိုင်တင်းကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းအပါအဝင်၊ ပညာသင်ကြားမှု မရရှိခြင်း၊ မိသားစုငွေကြေးအခက်အခဲများအပြင်၊ ထိခိုက်လွယ်မှုများကြောင့်၊ မိန်းကလေးငယ်များစွာသည် အိမ်ထောင်စုနှင့် ပြုစုစောင့်ရှောက်ရေးအလုပ်အကိုင်နှင့် ဆက်စပ်နေသည့် အလုပ်သမားကာကွယ်စောင့်ရှောက်မှုကင်းမဲ့သော ပုံစံတကျမဟုတ်သည့် အလုပ်များအတွင်း ဝင်ရောက်လုပ်ကိုင်နိုင်ချေ များသည်ကို တွေ့ရသည်။ ထို့ကြောင့် အိမ်အကူအလုပ်သမားများအတွက် အနာဂတ်အစီအစဉ်များ ရေးဆွဲရာတွင်၊ အိမ်အကူအလုပ်အကိုင်အတွင်းရှိ အရွယ်ရောက်မိန်းကလေးငယ်နှင့် အမျိုးသမီးများကို ကမ်းလင့်ကူညီနိုင်ရန်၊ ငယ်ရွယ်သည့် အိမ်အကူအလုပ်သမားများကို စုစည်းသင်းဖွဲ့ဆောင်ရွက်နိုင်ရန်၊ စည်းရုံးလှုံ့ဆော်မှုအတွက် နည်းလမ်းရှာဖွေကြံဆရန်အပြင်၊ စိတ်ကျန်းမာရေးပံ့ပိုးမှု၊ တိုင်ကြားမှုအတွက် ဥပဒေအထောက်အကူပံ့ပိုးမှု၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဘဝနေထိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အခွင့်အလမ်းများ ဖြည့်ဆည်းပေးရန်အတွက် အိမ်အကူအလုပ်သမားများပါဝင်မှုနှင့် ဆန်းသစ်တီထွင်သော ဆောင်ရွက်ချက်များ ပြုလုပ်ရန်အတွက် ဦးစားပေးဆောင်ရွက်သင့်ပါသည်။

## ၈.၂။ ရှေ့ဆက်ဆောင်ရွက်ရန် နည်းလမ်း

ဤနေရာတွင် ဖော်ပြထားသည့် ဆောင်ရွက်ချက်များသည် အိမ်အကူအလုပ်အကိုင်နှင့် အိမ်အကူအလုပ်သမားများနှင့် ပတ်သက်၍ သဘောထားများနှင့် ဆက်စပ်မူဝါဒများပြောင်းလဲရေးအတွက် အရှိန်အဟုန်တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပါသည်။ အိမ်အကူအလုပ်သမားများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ပါဝင်ပြောဆိုဆွေးနွေးနိုင်သည့် စွမ်းဆောင်ရည်သည် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် ရှေ့ဆက်ဆောင်ရွက်ရန် နည်းလမ်းသည် အိမ်အကူအလုပ်သမားများနှင့်ပင် စရပါမည်။ ၎င်းတို့အနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်ရန်၊ အိမ်အကူအလုပ်သမားအားလုံး ရင်ဆိုင်နေရသည့် ကိစ္စရပ်များကို ကိုယ်စားပြုတင်ပြနိုင်ရန် အိမ်အကူအလုပ်သမားများအတွက် အခြေအနေတစ်ခု ဖြည့်ဆည်းပေးရပါမည်။

အိမ်အကူအလုပ်သမားများကို ကမ်းလင့်ကူညီခြင်းသည် ခက်ခဲပါသည်။ ၎င်းတို့သည် ရပ်ရွာအသိုက်အဝန်းပြင်ပတွင် သီးခြား နေထိုင်လုပ်ကိုင်ရလေ့ရှိပြီး၊ အလုပ်ရှင်၏ ထိန်းချုပ်မှုအောက်တွင်နေရလေ့ရှိသည်။ ထို့ကြောင့် အိမ်အကူအလုပ်သမားများကို ပံ့ပိုးကူညီရန် ဆန္ဒရှိသည့် အလှူရှင်များနှင့် အဖွဲ့အစည်းများသည် အောင်မြင်မည်ဟု အာမခံချက်များ ပေးရန်မလိုပဲ စမ်းသပ်ဆောင်ရွက်ရန်၊ ဆန်းသစ်တီထွင်ပြုလုပ်ရန် ဆန္ဒရှိရပေမည်။ မတူကွဲပြားသည့် နည်းလမ်းအမျိုးမျိုး အသုံးပြုခြင်းဖြင့်သာ၊ မည်သည့်နည်းလမ်းက အလုပ်ဖြစ်မည်ကို သိရှိလာမည် ဖြစ်သည်။

အိမ်အကူအလုပ်အကိုင်နှင့်ပတ်သက်၍ မည်သည့်စီမံကိန်းမဆို ၎င်း၏ပထမရည်မှန်းချက်၊ ငွေကြေးပံ့ပိုးမှု (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်ချက်သည် အိမ်အကူအလုပ်သမားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်သာ ဖြစ်ရမည်။ အိမ်အကူအလုပ်အကိုင်ကို နိုင်ငံ၏ လူမှုအသိုက်အဝန်းနှင့်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုသော တန်ဖိုးရှိသည့်အလုပ်အကိုင်တစ်ခုအဖြစ် တောင်းဆိုနိုင်သည့် စွမ်းဆောင်ရည် ဖြစ်သည်။ အိမ်အကူအလုပ်သမားများအား အလုပ်သမားများအဖြစ် ကမ်းလင့်ကူညီရာတွင် အလုပ်သမားအဖွဲ့အစည်းများသည် တက်ကြွစွာဖြင့် အထောက်အကူပြုသူများဖြစ်ရန် လိုအပ်ပါသည်။ အလုပ်သမားအဖွဲ့အစည်းများတွင် အိမ်အကူအလုပ်သမားများ ပါဝင်နိုင်မည့် နည်းလမ်းသစ်များကိုလည်း ရှာဖွေရမည် ဖြစ်သည်။

အိမ်အကူအလုပ်သမားများကို ဝန်ဆောင်မှုများသာ ပေးခြင်းသည် ပြီးပြည့်စုံလုံလောက်ခြင်း မရှိပါ။ ၂၀၂၀ ခုနှစ် အိမ်အကူအလုပ်သမားများနေ့ အခမ်းအနားကမ်ပိန်းတွင် အိမ်အကူအလုပ်သမားများ ပြောသလို "သင်တို့ကို ပြုစုစောင့်ရှောက်သလို ကျွန်ုပ်တို့ကိုလည်း ပြန်လည် ဂရုပြုစောင့်ရှောက်ပါ" ဟုပြောထားသည့်အတိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

# နောက်ဆက်တွဲ

**နောက်ဆက်တွဲ ၁ - မိတ်ဖက်အဖွဲ့အစည်းများက ပြုစုထုတ်ဝေခဲ့သည့် သင်တန်း သင်ထောက်ကူပစ္စည်းများ၊**

- အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ် ၁၈၉ (ကရင်ဘာသာဖြင့်)
- Licence to Stir သင်တန်းဆရာ လက်စွဲ (အင်္ဂလိပ်နှင့် မြန်မာဘာသာ)
- Licence to Stir သင်တန်းသား လက်စွဲ (အင်္ဂလိပ်နှင့် မြန်မာဘာသာ)
- အိမ်အကူအလုပ်သမားငှားရမ်းခေါ်ယူခြင်းအတွက် ကောင်းမွန်သည့် အလေ့အကျင့်များ (အင်္ဂလိပ်နှင့် မြန်မာဘာသာ၊ ပုံနှိပ်နှင့် အွန်လိုင်း)
  (အင်္ဂလိပ် ဘာသာ - https://threegoodspoons.com/household_employer_guidance/)
  (မြန်မာဘာသာ - https://threegoodspoons.com/my/household-employer-guidance-mm/)
- ကောင်းမွန်သည့် အလေ့အကျင့်များ လမ်းညွှန် ပုံစံများ (အင်္ဂလိပ်နှင့် မြန်မာဘာသာ၊ ဒီဂျစ်တယ်ပိုင်း ထပ်မံဖြည့်စွက်မှု)
  (အင်္ဂလိပ်ဘာသာ - https://threegoodspoons.com/household_employer_guidance/)
  (မြန်မာဘာသာ - https://threegoodspoons.com/my/household-employer-guidance-mm/)
- Licence to Stir သင်တန်း ဗီဒီယိုအတိုများ၊ မြန်မာစကားသံ၊ အင်္ဂလိပ်နှင့် မြန်မာဘာသာ စာတမ်းထိုး၊ ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။ https://www.facebook.com/watch/?v=998892343873964; https://www.youtube.com/playlist?list=PLRxI_VLz8i8wXYOdTroM39LMRyThraZd
  - Licence to Stir သင်တန်းပါ အကြောင်းအရာများ - မြန်မာစကားသံနှင့် စာတမ်းထိုး၊ ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။ https://www.youtube.com/playlist?list=PLRxI_VLz8i8wXYOdTroM39LMRyThraZd
  - အိမ်အကူအလုပ်သမားငှားရမ်းခေါ်ယူခြင်းအတွက် ကောင်းမွန်သည့် အလေ့အကျင့်အကြံပြုချက်များ - မြန်မာစကားသံနှင့် အင်္ဂလိပ်ဘာသာစာတမ်းထိုး၊ ဤနေရာတွင်ကြည့်ရှုနိုင်ပါသည်။ https://www.youtube.com/playlist?list=PLRxI_VLz8i-X14mCsBJ1uwRT3uVsdptw
  - အိမ်အကူအလုပ်သမားငှားရမ်းခေါ်ယူခြင်းအတွက် ကောင်းမွန်သည့် အလေ့အကျင့်အကြံပြုချက်များ - မြန်မာစကားသံနှင့် မြန်မာဘာသာစာတမ်းထိုး၊ ဤနေရာတွင်ကြည့်ရှုနိုင်ပါသည်။ https://www.youtube.com/playlist?list=PLRxI_VLz8i83GD89Sfsu68fccc3xKHsg
- မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် Three Good Spoons ဝက်ဘ်ဆိုက်၊ License to Stir သင်တန်းဖြင့် ပြုလုပ်ထုတ်ဝေထားသော ဒီဂျစ်တယ်ပိုင်း ပါဝင်သည့်အကြောင်းအရာများ။ ဤနေရာတွင်ကြည့်ရှုနိုင်ပါသည်။ https://threegoodspoons.com/

**နောက်ဆက်တွဲ ၂ - DIILM စီမံကိန်းက ပြုစု ထုတ်ဝေခဲ့သည့် အထောက်အကူပြု စာရွက်စာတမ်းများ**

- ILO ၏ အိမ်အကူအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက် (C189) ကာတွန်းစာအုပ်ငယ်

  (အင်္ဂလိပ်ဘာသာ - http://ilo.org/yangon/publications/WCMS_634937/lang--en/index.htm)

- စုပေါင်းသင်းဖွဲ့ဆောင်ရွက်ခြင်း၊ နှိမ်ချဆက်ဆံမှုများကို လျှော့ချခြင်းနှင့် အိမ်အကူအလုပ်သမားများ၏ အခွင့်အရေးများကို မြှင့်တင်ခြင်း - အိမ်အကူအလုပ်သမား ကူညီပံ့ပိုးရေးအဖွဲ့များအတွက် လက်တွေ့လမ်းညွှန်ချက်၊

(မြန်မာဘာသာ - http://ilo.org/yangon/publications/WCMS_634950/lang--en/index.htm)

- မူဝါဒအားပေးထောက်ခံမှုဆိုင်ရာ အနှစ်ချုပ်စာတမ်း - မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်သမားများဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ် လက်မှတ်ရေးထိုးရေးဆီသို့

  (အင်္ဂလိပ်ဘာသာ - https://www.ilo.org/yangon/publications/WCMS_667541/lang--en/index.htm)

  (မြန်မာဘာသာ - https://www.ilo.org/yangon/publications/WCMS_731366/lang--en/index.htm)

- မြန်မာနိုင်ငံရှိ အိမ်အကူအလုပ်အကိုင်အတွက် ဥပဒေကာကွယ်စောင့်ရှောက်မှု - အများပြည်သူ၏ အမြင်မှာ မည်သို့ ရှိသနည်း။ သဘောထားအမြင် စစ်တမ်း (အကျဉ်းချုပ်)

  (အင်္ဂလိပ်ဘာသာ - https://www.ilo.org/yangon/publications/WCMS_731540/lang--en/index.htm)

  (မြန်မာဘာသာ - https://www.ilo.org/yangon/publications/WCMS_731541/lang--en/index.htm)

- အိမ်အကူအလုပ်သမားများဆိုင်ရာ မြန်မာနိုင်ငံ၏ဥပဒေများကို ဆန်းစစ်လေ့လာသုံးသပ်ချက် (အနှစ်ချုပ်)

  (အင်္ဂလိပ်ဘာသာ - https://www.ilo.org/yangon/publications/WCMS_731547/lang--en/index.htm)

  (မြန်မာဘာသာ - https://www.ilo.org/yangon/publications/WCMS_731564/lang--en/index.htm)

- အိမ်အကူအလုပ်သမားဆိုင်ရာ မြန်မာနိုင်ငံ၏ဥပဒေများကို ဆန်းစစ်လေ့လာသုံးသပ်ချက် (ပြဋ္ဌာန်းချက် အမှတ် ၁၈၉ နှင့် မြန်မာနိုင်ငံ ပြဋ္ဌာန်းဥပဒေများအား နှိုင်းယှဉ်လေ့လာခြင်း)

  (မြန်မာဘာသာ - https://www.ilo.org/yangon/publications/WCMS_731674/lang--en/index.htm)

- အိမ်အကူအလုပ်သမားဆိုင်ရာ ဆိုင်ရာ မြန်မာနိုင်ငံ၏ဥပဒေများကို ဆန်းစစ်လေ့လာသုံးသပ်ချက် (အကြံပြုတိုက်တွန်းချက် အမှတ် ၂၀၁ နှင့် မြန်မာနိုင်ငံ ပြဋ္ဌာန်းဥပဒေများအား နှိုင်းယှဉ်လေ့လာခြင်း)

  (မြန်မာဘာသာ - https://www.ilo.org/yangon/publications/WCMS_731686/lang--en/index.htm)

- DIILM Updates - အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင် လက်တွေ့ဖော်ဆောင်ပေးခြင်း၊

  (အင်္ဂလိပ်ဘာသာ - https://www.ilo.org/yangon/publications/WCMS_758502/lang--en/index.htm)

  (မြန်မာဘာသာ - https://www.ilo.org/yangon/publications/WCMS_758504/lang--en/index.htm)

- ၂၀၂၀ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၀ ရက်အထိ၊ အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့ အခမ်းအနားကို ကျင်းပရန် အိမ်အကူအလုပ်သမားများအပါအဝင်၊ တေးသံရှင် ချမ်းချမ်း၏ သီချင်းဖျော်ဖြေတင်ဆက်မှုရုပ်သံ၊

  (မြန်မာဘာသာ - https://www.facebook.com/ILOMyanmar/videos/?ref=page_internal)

- အိမ်အကူအလုပ်သမား အကြောင်းအရာများ - ၂၀၂၁ ခုနှစ် ဇွန်လ ၁၆ ရက်၊ အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့ အခမ်းအနားကို ကျင်းပခြင်း၊

  #Valuing Domestic Work as Work

  (အင်္ဂလိပ်နှင့် မြန်မာဘာသာ - https://www.facebook.com/ILOMyanmar)

  (အင်္ဂလိပ်ဘာသာ - https://www.ilo.org/yangon/publications/WCMS_803241/lang--en/index.htm)

ပြည်တွင်း၊ ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး (DIILM) (၂၀၁၆-၂၀၂၁) စီမံကိန်းအနေဖြင့် လုပ်သား ရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေနှင့် မူဝါဒဆိုင်ရာမူဘောင် ခိုင်မာအားကောင်းစေရန် မြန်မာနိုင်ငံတွင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာပြည်သူများသည် ရွှေ့ပြောင်း သွားလာခြင်းကို မိမိတို့ဘဝလုံခြုံရေးအတွက် အားထားရာအဖြစ်ရော၊ အသက်မွေးဝမ်းကျောင်းအတွက်ပါ အသက်ရှင်ရပ်တည်ရေး နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာမှု အတွေ့အကြုံများသည် အမျိုးသမီးများအတွက်ရော အမျိုးသားများအတွက်ပါ အကျိုးကျေးဇူးများ ပိုမိုရရှိစေပြီး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာ အထောက်အကူပြုနိုင်ပါသည်။ DIILM စီမံကိန်းနှင့် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများသည် (၁) အဓိကကျသော ဥပဒေနှင့် မူဝါဒများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ (၂) ပုံစံတကျ မဟုတ်သော ကဏ္ဍရှိ အလုပ်သမားများအပါအဝင် ရွှေ့ပြောင်းသွားလာသူအားလုံးအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် မြှင့်တင်ဆောင်ရွက်ပေးရန်၊ (၃) ရွှေ့ပြောင်းသွားလာသူများကိုပေးသော ဝန်ဆောင်မှုများ ပိုမိုလွှမ်းခြုံမိစေရန်နှင့် အရည်အသွေးပြည့်ဝစေရန် တိုးမြှင့်ဆောင်ရွက်ရန်၊ (၄) မူဝါဒဆက်စပ်ကိုက်ညီမှု ခိုင်မာအားကောင်းစေရန်အတွက် ပူးပေါင်းဆောင်ရွက်ပါသည်။

**DIILM** စီမံကိန်းကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့အစည်း (LIFT) က ရန်ပုံငွေပံ့ပိုးပေးပါသည်။

Livelihoods and Food Security Fund

managed by UNOPS

**သတင်းအချက်အလက်ပိုမိုသိရှိလိုပါက-**

ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊
မြန်မာနိုင်ငံ

အမှတ် (၁) (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

+၉၅ ၁ ၂၃၃၆၅၃၈၊ ၂၃၃၆၅၃၉

+၉၅ ၉ ၄၂၁၁၂၆၈၆၉
www.ilo.org/myanmar